ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (22-8-2012) (၇၂၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံ

လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး၊ ဝန်ထမ်းရေးရာ အထောက်အကူပြုလုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စက်မှုလယ်ယာစနစ် တောင်သူပညာပေး ၈က ၅၀၀ စိုက်ခင်းရှိ အစည်းအဝေးခန်းမ၌ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ(National Economic and Social Advisory Council-NESAC) အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်း၊ နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဒေါက်တာဆက်အောင်၊ ဒေါက်တာကျော်ရင်လှိုင်၊ ဒေါက်တာဇော်ဦး၊ ဦးသီဟမျိုးညွှန့်၊ ဦးတင်မောင်သန်း၊ ဦးဝင်းအောင်၊ ဦးသောင်းတင်၊ ဦးသန်းလွင်၊ ဦးလှမောင်ရွှေ၊ ဦးမိုးကျော်နှင့် ဦးခင်မောင်အေးတို့တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ လယ်ယာကဏ္ဍတွင် အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲမည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနများ၏ ဝန်ထမ်းရေးရာဆိုင်ရာ အထောက်အကူပြုလုပ်ငန်းစဉ်များနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အတူ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးလ်သံအမတ်ကြီးနှင့် အပွဲအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး H. E. Mr. Jose Carlos da Fonseca Junior ဦးဆောင်၍ ဘရာဇီးလ်နိုင်ငံ၏ ကုမ္ပဏီကြီးတစ်ခုဖြစ်သော Andrade Gutierrez Conglomerate မှ အာရှဒေသဆိုင်ရာလုပ်ငန်းတာဝန်ခံများ ပါဝင်သည့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဘရာဇီးလ်နိုင်ငံသံအမတ်ကြီးနှင့်အတူ တာဝန်ရိုသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး H. E. Mr. Jose Carlos da Fonseca Junior အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

အာဆင်နယ်ကွင်းလယ် ကစားသမား ဆောင်း ဘာစီလိုနာနှင့် ငါးနှစ်စာချုပ်ပြီ — စာမျက်နှာ ၁၀

အသေးစားကမ္ဘာမြေ လေ့လာရေးဂြိုဟ်တု လွှတ်တင်နိုင်ရေးစည်းဝေး — စာမျက်နှာ ၁

လီပြောင်ဟွန်းနှင့် လီမင်ဂျန်တို့ ချစ်သူအဖြစ် ဝန်ခံ — စာမျက်နှာ ၁၂

ကြေးမုံစာတည်းရှေ့က ၂၂-၈-၂၀၁၂ [ဗုဒ္ဓဟူးနေ့]။

စတုတ္ထမြောက် လူပုပ္ပိုလ်

နိုင်ငံတစ်နိုင်ငံဆိုသည်မှာ အိမ်ထောင်စုများ စုပေါင်းနေထိုင်ကြသည့် ရပ်ရွာ၊ ရပ်ကွက်လေးများ ပေါ်ပေါက်လာရာမှ ထိုရပ်ရွာ၊ ရပ်ကွက်လေးများကို ပေါင်းစုဖွဲ့စည်းပြီး မြို့၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးများမှသည် နိုင်ငံဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်ကြရာတွင် မြို့ရွာများစုဖွဲ့ထားသည့် ရပ်ရွာများ၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အရေးပါလှသော အခြေခံကျသည့် လုပ်ငန်းများဖြစ်ပါသည်။

အခြေခံကျသည့် ရပ်ရွာ၊ ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ရပ်ရွာ၊ ရပ်ကွက်နေ ပြည်သူတို့ အသိအမြင်တိုးပွားရေးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်မှုတို့သည် အရေးကြီးသော အချက်ဖြစ်ပါသည်။ ထိုနေရာတွင် ရပ်ကျေး၊ မြို့ရွာများမှ ပြည်သူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ အုပ်ချုပ်သူများသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။

မိမိတို့ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ ရပ်အကျိုးရွာအကျိုးနှင့်တကွ ရပ်ရွာနေ ပြည်သူများ ကောင်းကျိုးအဖြာဖြာ ဝေစည်နေစေရန်မှာ မြို့ရွာများရှိ ဦးဆောင်မှုပြုသူများ၏ ဆောင်ရွက်ပေးနိုင်မှုအပေါ်တွင် မူတည်ပါသည်။ ထိုသူတို့၏ စည်းရုံးနိုင်မှု၊ ကူညီအားပေးမှုတို့သည် လွန်စွာအကျိုးကျေးဇူးများလှသည့် လုပ်ငန်းစဉ်များဖြစ်ပါသည်။

မြတ်စွာဘုရားက လူပုပ္ပိုလ် လေးမျိုးကို ဟောပြထားတော်မူပါသည်-

(၁) မိမိကိုယ်တိုင်သာ ဒါန၊ သီလ၊ ဘာဝနာ အစရှိသည့် ကောင်းသောအမှုတို့ကို ပြုလုပ်လေ့ရှိပြီး သူတစ်ပါးကိုမူ ဟောပြောပြသစည်းရုံးမှုမပြုနိုင်သူ၊

(၂) မိမိကိုယ်တိုင်ကမူ ကောင်းသောအမှုတို့ကို မပြုလုပ်ဘဲ သူတစ်ပါးကိုသာ တိုက်တွန်းနှိုးဆော်တတ်သူ၊

(၃) မိမိကိုယ်တိုင်လည်း ကောင်းသောအမှုတို့ကိုမပြု၊ သူတစ်ပါးကို လည်း မတိုက်တွန်းသူနှင့်

(၄) မိမိကိုယ်တိုင်လည်း ကောင်းသောအမှုတို့ကို စေတနာပါပါပြုလုပ်ပြီး အခြားသူများကိုလည်း မိမိကဲ့သို့ပင် ကောင်းသောအမှုတို့ကို ပြုလုပ်ကြရန် တိုက်တွန်းနှိုးဆော်တတ်ကြသူတို့ဖြစ်သည်။

မှတ်မှောက်ကာလတွင် မိမိတို့ရပ်ရွာ၏ ကောင်းကျိုးအဖြာဖြာတို့ကို သယ်ပိုးဆောင်ရွက်လျက်ရှိကြသော ရပ်ရွာအုပ်ချုပ်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များသည် မြတ်စွာဘုရားဟောကြားထားသည့် လူပုပ္ပိုလ် လေးမျိုးလေးစားအနက် စတုတ္ထမြောက် လူပုပ္ပိုလ်အမျိုးအစားများ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံသားများသည် အစဉ်အလာအရ ကူညီရိုင်းပင်းကြသူများ၊ တစ်ဦးနှင့်တစ်ဦး စာနာထောက်ထားကြသူများဖြစ်ကြပါသည်။ မိမိတို့ရပ်ရွာအတွင်း သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝတို့တွင် အားတက်သရော ပါဝင်ဆောင်ရွက်တတ်ကြသူများ ဖြစ်ပါသည်။ ယနေ့လက်ရှိကာလအထိ ထိုအစဉ်အလာကောင်းများကို ကျေးလက်၊ မြို့ရွာများတွင် တွေ့မြင်နေရဆဲဖြစ်ပါသည်။

ထို့ကြောင့် စတုတ္ထမြောက် လူပုပ္ပိုလ်အမျိုးအစား ရပ်ရွာဒေသများတွင် များများစားစားရှိဖို့လိုအပ်ပါသည်။ ထိုသို့များပြားလာသည်နှင့်အမျှ မိမိရပ်ရွာရှိ လူအများအနေဖြင့် သံသရာတစ်လျှောက် ဘဝသမ္ပတ္တိ ကောင်းကျိုးချန်းသာပြည့်စုံပြီး မိမိတို့ဝန်းကျင်ရှိ လူအပေါင်းတို့ ချစ်ခင်စည်းလုံးမှုတိုးတက်ကောင်းမွန်လာမည့်အပြင် မိမိတို့ရပ်ရွာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ရပ်ရွာတစ်ခုချင်းစီမှ မြို့၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှသည် နိုင်ငံတော်ကြီးတစ်ခုလုံး အေးချမ်းသာယာ ချစ်ခင်စည်းလုံးဖွံ့ဖြိုးဝေစည်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ရပ်ရွာဒေသအသီးသီးရှိ ပြည်သူပြည်သားအပေါင်းတို့သည် မိမိတို့ကိုယ်ကိုမိမိ ဘယ်သောအခါမျှ တတိယမြောက် လူပုပ္ပိုလ် အမျိုးအစားမဖြစ်စေဘဲ စတုတ္ထမြောက် လူပုပ္ပိုလ်အမျိုးအစားဖြစ်အောင် ကျင့်ကြံနေထိုင်ကြပြီး မိမိတို့ရပ်ရွာနှင့်ပြည်သူတို့၏ ကောင်းရာကောင်းကြောင်း ကိစ္စမှန်သမျှတို့တွင် ပါဝင်ဆောင်ရွက်ကြကာ နိုင်ငံတော်ကြီးတစ်ခုလုံး ကောင်းကျိုးဝေစည်ပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

တရားမဝင် မှော်ဝိုကုန်သွယ်မှုပပျောက်ရေး ဌာနဆိုင်ရာများ ပူးပေါင်းအကောင်အထည်ဖော်

နေပြည်တော် ဩဂုတ် ၂၁

တရားမဝင်မှော်ဝိုကုန်သွယ်မှု လျော့နည်းပပျောက်ရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုရဲဘက် ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားရာတွင် တရားမဝင်မှော်ဝိုကုန်သွယ်မှုပပျောက်ရေးအတွက် တာဝန်ရှိသော ဌာနဆိုင်ရာများမှ ပိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မူဆယ်အပါအဝင် နယ်စပ်ကုန်သွယ်ရေးဇုန်များကို ပိုမိုစည်ကားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ပိုင်းဝန်းဆွေးနွေးဆောင်ရွက်ရန်၊ နယ်စပ်ဒေသများတွင် မိမိဘက်၌ ဧရိုးကွက်ဖြစ်ပေါ်စေရေးအတွက် ကုန်စည်ဖိုင် ဖွင့်လှစ်ရေးနှင့် ဆန်ချောဖွယ်သည့်စက်များအပါအဝင် ဆန်စက်များတည်ဆောက်ရေးကိစ္စရပ်များကို အကောင်အထည်ဖော်မည့် အစီအစဉ်များ ပိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြရန်နှင့် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအတွက် ပိုင်းဝန်းညှိနှိုင်း ဖြေရှင်းရမည့်ကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးကြရန် ပြောကြားသည်။**(အပေါ်ယာပုံ)**

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေး

ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာစီးပွားရေးဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုဝ်ယူကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်မှုဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၈း၁၀ တရားတော်
၈း၅၅ ဇာတ်လမ်းတို
၉း၁၅ လျှပ်တစ်ပြက်
၉း၅၀ ရွှေဟောင်းသုတ
၅း၀၀ သာယာသီကြွေခေတ်ဆန်းတေး
၅း၂၀ ရသစုလင်ချစ်မြင်ဇာတ်လမ်း -အမှတ်(၂၆) (အပိုင်း-၃၁)
၆း၂၀ Mail Box
၆း၃၅ ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ (အပိုင်း-၂၆)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်သစ်ရဲ့သူရဲကောင်း (အပိုင်း-၂၃)**
-ရယ်စရာမော့်စရာဟာသကဏ္ဍာ "ကဏ္ဍာကျော့များ"(ဇာတ်သိမ်းပိုင်း) (မိုးယံလွန်း၊ ဂါဆိုမိုးဦး၊ ခင်လွင်၊ ဝက်မ၊ ဗေဒါ၊ တက္ကသိုလ်ဝွမ်းပုံ၊ မျိုးမျိုးခိုင်၊ နွဲ့ငယ်ညဉ်ဖြင့်ခိုင်ခိုင့်သရုပ်ဆောင်များ)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "စိတ်တံခွန်" (အပိုင်း-၅)

အရာထမ်းအခြေခံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၁

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၉၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၂ နာရီခွဲတွင် ပဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဦးထွဏ်းကြည်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၃ ဦး စုစုပေါင်း ၉၁ ဦးတက်ရောက်ကြသည်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကျင်းပ

ပျဉ်းမနား ဩဂုတ် ၂၁

၂၀၁၂ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွဲ့ဖြိုးရေး ရက်သတ္တပတ်များ အခမ်းအနားကို ဩဂုတ် ၁၀ ရက်က နေပြည်တော်ကောင်စီနယ်မြေ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပျဉ်းမနား ခုတင် (၂၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်က အာဟာရအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က မိခင်နို့တိုက်ကျွေးမှု စံပြဆုရများအား ဆုဒဏ်ငွေပြီး ငါးနှစ်အောက်ကလေးများအား မီဘာဝင်အေဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ဆေးနှင့်အာဟာရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၅၈၆)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁ - ၈ - ၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၇၅. ၀၀၀	၀. ၀၀၁၁၄
ထိုင်း (ဘတ်)	၃၁. ၄၂၉	၀. ၀၃၁၈၂
တရုတ် (ယွမ်)	၆. ၃၅၂၂၀	၀. ၁၅၃၃၀
အိန္ဒိယ(ရူပီး)	၅၅. ၅၀၄၉	၀. ၀၁၇၉၉
မလေးရှား (ရင်းဂစ်)	၃. ၁၀၇၆၄	၀. ၃၂၀၅၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၉၇၉	၀. ၈၀၀၁၃
ဂျပန် (ယန်း)	၇၉. ၄၈၃၁	၀. ၀၁၂၅၈
တောင်ကိုရီးယား(ဝမ်)	၁၁၃၀. ၉၂	၀. ၀၀၀၈၈
ယူရို	၀. ၈၀၂၉၅	၁. ၂၄၅၄၁
ဗြိတိသျှ (ပေါင်)	၀. ၆၃၃၉၀	၁. ၅၅၅၅၄

အင်တာနက်မှ

(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

စန္ဒရားအတီးပြိုင်ပွဲအတွက် လေ့လာရန်တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	တောမြိုင်ငွန်း	(ယိုးဒယား)
(ခ)	သေနဂိမည်	(ပတ်ပျိုး)
(ဂ)	အာကာယံထဲ	(ပတ်ပျိုး)
(ဃ)	ယသော်ခရာ	(ယိုးဒယား)
(င)	မန်းတောင်လက်ယာ	(ယိုးဒယား)
(စ)	စိန်ကြယ်ညီလင်း	(မွန်)
(ဆ)	ကောင်းခိုးသခ်ါ	(မွန်)
(ဇ)	ဇမ္ဗူကျွန်းလုံး	(သီချင်းခံ)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	လျှပ်ပန်းခွေခွဲ့	(ယိုးဒယား)
(ခ)	မနံဒါလီ	(မာမာအေး)
(ဂ)	ယမုနံနာ	(ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	တစ်ဆောင်းသစ်ပြန်ပြီ	(ကိုသန်းလွင်)
(ခ)	မြူဝန်းလွှိဒ်	(ပတ်ပျိုး)
(ဂ)	အတိုင်းမသိ	(ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	နှစ်ကိုယ်သစ္စာ	(ပတ်ပျိုး)
(ခ)	ဆန်းဆန်းသဥ္ဇာကြည်ညောင်	(ယိုးဒယား)
(ဂ)	အလှထိပ်ခေါင်တင်	(ကာလပေါ်)(မောင်သောင်း)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	တောသူအခုခ်	(ကာလပေါ်)(ပန်တျာတင်တင်မြင့်)
(ခ)	ကန္တာတောခြေ	(ယိုးဒယား)
(ဂ)	ဇမ္ဗူရောင်ကွန့်	(ဘွဲ့)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	မေတ္တာဖုန်းမှ လန်းဆန်းမယ်	(ကာလပေါ်)အဖွဲ့
(ခ)	စိန်းလဲ့လဲ့	(ကြိုး)
(ဂ)	စံရာတောင်ကျန်း	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ် ဘာသာရေးအကြောင်းပြုပြီး နိုင်ငံရေးအရ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာပြဿနာအဖြစ် ပုံဖော်ရန်ကြိုးပမ်းမှုများ လက်မခံ ပြန်လည်ရရှိနေပြီဖြစ်သော တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမည့် ပြင်ပဝင်ရောက်စွက်ဖက်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကို ရပ်တန့်သင့်ပြီ

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် စပ်လျဉ်း၍ ပြည်ပသတင်းဌာနများနှင့် ပြင်ပအဖွဲ့အစည်းအချို့၏ မဟုတ်မမှန် ချဲ့ထွင်၍ လုပ်ကြံထုတ်လွှင့်နေသည့် သတင်းအမှားများကိုအခြေခံပြီး ပြည်ပမှ လူပုဂ္ဂိုလ်တစ်ဦးချင်းက လည်းကောင်း၊ အဖွဲ့အစည်းအချို့ကသော်လည်းကောင်း သဘောထားထုတ်ပြန်မှုများ ပြုလုပ်လျက်ရှိနေပါသည်။

အဆိုပါ အကြမ်းဖက်မှုများမှာ မတူကွဲပြားကြသည့် ဘာသာ(၂)ခုအကြား ဖြစ်ပွားသော ပဋိပက္ခမဟုတ်သလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာလည်း မဟုတ်ကြောင်း ထင်ရှားလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပြည်နယ်တစ်ခုအတွင်း လူ့အဖွဲ့အစည်းအစိတ်အပိုင်း နှစ်ရပ်အကြား ရာဇဝတ်မှုတစ်ခုကို အကြောင်းပြု၍ နောက်ဆက်တွဲဖြစ်ပွားသော အကြမ်းဖက်မှုများသာ ဖြစ်ပါသည်။ ဤအကြမ်းဖက်မှုများကြောင့် နှစ်ဖက်စလုံးမှ (၈၈)ဦး အသက်ဆုံးရှုံးကြရာတွင် ရခိုင်တိုင်းရင်းသား (၃၁)ဦးနှင့် မူစလင်ဘာသာဝင် ဘင်္ဂါလီလူမျိုး(၅၇)ဦး ပါဝင်ကြောင်း တွေ့ရှိရပါသည်။ အလားတူ အသိုင်းအဝိုင်းနှစ်ဖက်လုံးမှ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်ခြေများ မီးလောင်ဖျက်ဆီးခံခဲ့ရပါသည်။

အထက်ပါ ပျက်စီးဆုံးရှုံးမှု၊ သေကျေဒဏ်ရာရရှိမှုများကို သုံးသပ်ကြည့်လျှင် လူမျိုးစုတစ်စုက အခြားလူမျိုးစုတစ်စုအပေါ် တစ်ဖက်သတ်ဖိနှိပ်ညှဉ်းပန်းခြင်း မဟုတ်သည်မှာ ထင်ရှားလှပေသည်။ ထိုသို့ ဖြစ်ပျက်မှုကိုလည်း တရားဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်အရေးယူရန် စုံစမ်းရေးကော်မတီတစ်ရပ်ကို ချက်ချင်းဖွဲ့စည်း၍ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဆူပူအကြမ်းဖက်မှု စတင်သည့်အချိန်မှစ၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေးအတွက် အစွမ်းကုန်ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ဒေသတွင်း၌ တည်ငြိမ်မှုပြန်လည်ရရှိနေပြီ ဖြစ်ပါသည်။ မြန်မာအစိုးရအနေဖြင့် မူစလင်ဘာသာဝင်တို့အပေါ် အကြမ်းဖက်မှု မူဝါဒများ မည်သည့်ကာလတွင်းမှ ကျင့်သုံးခြင်းမရှိခဲ့ပါ။ အစိုးရအနေဖြင့် ဤသို့သော မူဝါဒမျိုး ကျင့်သုံးကြောင်းဖြင့် အဖွဲ့အစည်းအချို့မှ စွပ်စွဲရေးသားမှုများကို လုံးဝပယ်ချပါသည်။

အကြမ်းဖက်မှုများကြောင့် ဒုက္ခရောက်ကြရသည့် ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကူညီပံ့ပိုးမှုပေးရေးအတွက် အစိုးရက နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်လည်း ခွဲခြားမှုမရှိဘဲ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအခြေစိုက် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအား အခြေအနေမှန်များ သိရှိနိုင်ရေးအတွက် သက်ဆိုင်သည့် ဝန်ကြီးများက ရှင်းလင်းမှုများ ပြုလုပ်ခဲ့သည့်အပြင် ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပြီး အခြေအနေမှန်များကို လေ့လာသိရှိနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။

ထို့ပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေ၊ နမ်ဘီးယား၊ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကွင်တားနား၊ တူရကီ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအာမက် ဒါဝူတိုဂလူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ မစ္စတာ ယူဆွတ်ကာလာနှင့် အစ္စလမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)ကိုယ်စားလှယ် လက်ထောက်အတွင်းရေးမှူးချုပ် မစ္စတာ အတ္တာအာမန်နမ် ဘက်ခစ်တို့အားလည်း ဖိတ်ခေါ်၍ ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်သွားရောက်ကြည့်ရှုပြီး ဒုက္ခသည်များအတွက် အကူအညီအထောက်အပံ့များ ပေးအပ်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ အိုအိုင်စီ အတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာနိုင်ငံသို့ ကိုယ်တိုင်လာရောက်လိုကြောင်း အဆိုပြုလာသည့်အတွက် ၎င်းအဆင်ပြေချိန် လာရောက်ရန် ဖိတ်ခေါ်ထားပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ယင်းပဋိပက္ခနှင့် စပ်လျဉ်း၍ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန်နှင့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေး အကြံပြုရန်အတွက် အဖွဲ့ဝင် ၂၇ ဦးပါ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဩဂုတ်လ ၁၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါသည်။ ၎င်းကော်မရှင်တွင် အစ္စလာမ် အပါအဝင် ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ နိုင်ငံရေးသမားများ၊ အငြိမ်းစားဝန်ထမ်းများကိုလည်း ပါဝင်ဖွဲ့စည်းထားပါသည်။ ထိုသို့ဖွဲ့စည်းခြင်းကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကလည်း ထောက်ခံကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာအစိုးရ၏ ဆောင်ရွက်မှုများအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သတင်းထုတ်ပြန်ချက်၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သဘောထားထုတ်ပြန်ချက်များမှာ ဖြစ်ရပ်မှန် အခြေအနေများကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်၍ ကြိုဆိုပါသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် အုပ်စုချင်း အပြန်အလှန် လက်တုံ့ပြန်အကြမ်းဖက်မှုများသာဖြစ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စသာဖြစ်ပါသည်။ ယင်းဖြစ်ရပ်များသည် ဘာသာရေးအရ ဖိနှိပ်ချုပ်ချယ်မှု၊ နှိပ်စက်ညှဉ်းပန်းမှုကြောင့် ဖြစ်ပွားသည့်ကိစ္စမဟုတ်ပါ။ သို့ဖြစ်၍ ဤကိစ္စကို ဘာသာရေးအကြောင်းပြုပြီး နိုင်ငံရေးအရ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် ပုံဖော်ရန် ကြိုးပမ်းလုပ်ဆောင်မှုများကို မြန်မာနိုင်ငံအနေဖြင့် လက်ခံမည်မဟုတ်ပါ။ ထိုသို့သော လုပ်ရပ်များသည် ပြဿနာအတွက် အဖြေရှာရေးကို အထောက်အကူမပြုဘဲ ပိုမို၍ ရှုပ်ထွေးခက်ခဲစေမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းစဉ်တစ်လျှောက် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မူစလင်၊ ဟိန္ဒူနှင့် အခြားကိုးကွယ်မှုများကို လွတ်လပ်စွာ ကိုးကွယ်ကြသူများအကြား စည်းလုံးညီညွတ်စွာနှင့် သဟဇာတရှိစွာ နေထိုင်ခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

သို့ဖြစ်ရာ ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသတွင်းပြန်လည်ရရှိနေပြီဖြစ်သော တည်ငြိမ်အေးချမ်းမှုများကို ထိခိုက်စေမည့်ပြင်ပမှ ဝင်ရောက်စွက်ဖက်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကို ရပ်တန့်သင့်ပြီဖြစ်ကြောင်းနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သူများအကြား ပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်သာ အားပေးဆောင်ရွက်သင့်ကြောင်း ဖော်ပြအပ်ပါသည်။

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ် ၂၁ ရက်

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

ထားဝယ်၊ မြိတ်နှင့် ကော့သောင်းဒေသများတွင် လည်ပတ်ကြည့်ရှုရန်နေရာများ ကြိုတင်ပြင်ဆင် တနင်္သာရီတိုင်းဒေသကြီးအတွင်း အဆင့်မီဟိုတယ်များ တည်ဆောက်နိုင်ရေး အားပေးကူညီမည်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ဝန်ဆောင်မှုကဏ္ဍဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ အခြေခံအဆောက်အအုံလုပ်ငန်းများဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချစေရေးတို့အတွက် အထောက်အကူပြုနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒ(၄)ရပ်အဖြစ် ခရီးသည်များ ဝင်/ထွက်မှု စနစ်တကျလွယ်ကူ အဆင်ပြေစေရေး၊ ခရီးသည်များသွားလာရာတွင် လွယ်ကူအဆင်ပြေစေရန် ခရီးသွားဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များ စနစ်တကျဖြစ်စေရေး၊ ဟိုတယ်နှင့်စားသောက်ဆိုင်များ ဝန်ဆောင်မှုအဆင့်အတန်းမြင့်မားစေရေးနှင့် ခရီးစဉ်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးတို့ကို ချမှတ်၍ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီအဖွဲ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရည်ရွယ်လျက် တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး အခြားစီးပွားရေးလုပ်ငန်းများထက် လူလူချင်း၊ အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်၍ ၎င်းလုပ်ငန်းကြီး ဖွံ့ဖြိုးတိုးတက်ရန်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍ မရဘဲ ဌာနစုံ၊ ကဏ္ဍစုံ၊ အစိုးရပုဂ္ဂလိကမိတ်ဖက်ဆောင်ရွက်ခြင်း (Public Private Partnership) သည် အရေးပါသဖြင့် အားလုံးဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ခရီးသွားလုပ်ငန်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများ၏ အားသာချက်၊ အားနည်းချက်များကို ရယူပြီး မိမိတို့နိုင်ငံ၏ သမိုင်းနှင့်ယဉ်ကျေးမှုနောက်ခံရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာများကို ချိန်ကိုက်ကာ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO)၊ အာဆီယံ(ASEAN)၊ မဟာမဲခေါင်ခရီးသွားလုပ်ငန်းအဖွဲ့ (GMS)၊ ဧရာဝတီ၊ ကျောက်ဖရား+မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) (ACMECS) ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့ (PATA) စသည့် အသင်းအဖွဲ့များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နော်ဝေးနိုင်ငံအစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းတစ်ခု ရေးဆွဲနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဂျာမနီနိုင်ငံ အခြေစိုက် (Hanns Seidal Foundation) အကူအညီဖြင့် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသူများအားလုံး တာဝန်သိသိဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် အသိပညာဖြန့်ဝေသည့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ပြီး မူဝါဒလမ်းညွှန်မှုများ၊ ကောင်းမွန်သော အလေ့အကျင့်များ ပေါ်ထွက်လာရေးကိုလည်း ပြုလုပ်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာ ထားဝယ်ဒေသတွင် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း တည်ရှိမှုကြောင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များသာမက ကမ္ဘာ့လှည့်ခရီးသည်များပါ လာရောက်ကြမည်ဖြစ်သည့်အတွက် ယခုကတည်းက ထားဝယ်ဒေသ၊ မြိတ်ဒေသနှင့် ကော့သောင်းဒေသများတွင် လည်ပတ်ကြည့်ရှုနိုင်ရန် နေရာများကို ကြိုတင်ပြင်ဆင်ထားနိုင်ပါက ခရီးသွားလုပ်ငန်းဖြင့် ဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း အဆင့်မီဟိုတယ်များ တည်ဆောက်နိုင်ရေးအတွက် အားပေးကူညီသွားမည်ဖြစ်ကြောင်း၊ မြိတ်ကျွန်းစုတစ်ဝိုက်တွင် ကျွန်းပတ်ခရီးစဉ်များ ဖော်ထုတ်နိုင်ရေးနှင့် သင့်လျော်သော ကျွန်းများပေါ်တွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ တည်ဆောက်နိုင်ရန်အတွက် ပြည်တွင်း ပြည်ပ ဟိုတယ်ဇုန်များ သတ်မှတ်ပေးနိုင်ရေး၊ ပြည်ပမှ ကော့သောင်းသို့ ဝင်ရောက်လာသော ရွက်လှေများအတွက် သီးသန့်ဆိပ်ကမ်းတစ်ခုကို ထားရှိပေးနိုင်ရေး စသည့်အချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး၏ ဆွဲဆောင်မှု Tourist Attraction ခရီးစဉ်ဒေသ သဘာဝအမွေအနှစ်များ၊ အထူးစီးပွားရေးဇုန်အခြေအနေများ၊ လေကြောင်းလိုင်းအခြေအနေ၊ ဝင်/ထွက် ခွင့်လွယ်ကူရေး၊ ဟိုတယ်သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ မီးခိုးမထွက်သော စက်ရုံဖြစ်သည့် ခရီးသွားလုပ်ငန်းကို ဒေသခံများ၊ ရန်ကုန်လုပ်ငန်းရှင်များ ပူးပေါင်းလုပ်ကိုင်ရန် ဖိတ်ခေါ်ပြီး ဒေသဖွံ့ဖြိုးရေးကို ပူးပေါင်းဆောင်ရွက်ရန် ပြောကြားပြီး ဒုတိယဝန်ကြီး ဦးဌေးအောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်း၊ တိုင်းဒေသကြီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဦးစီးမှူး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF)၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (MHA)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) နှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ (MMC) တို့မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူ ဒေသခံလုပ်ငန်းရှင်များက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နိုင်ငံတကာငွေကြေးခဝါချမှုနှင့် ဆက်နွယ်ဖွယ်ရှိသော လက်ဘနွန်ဘဏ်မှငွေကို အမေရိကန်ထိန်းချုပ်

ဝါရှင်တန် ဩဂုတ် ၂၁

နိုင်ငံတကာငွေကြေးခဝါချမှုများ၏ အဓိကလက်သည်အဖြစ် မသက်သော လက်ဘနွန်ဘဏ်တိုက်တစ်၌ ဟစ်ဇ်ဘိုလာပြောက်ကျားအဖွဲ့က အပ်နှံထားသည့် ဒေါ်လာသန်း ၁၅၀ ကို အမေရိကန်အာဏာပိုင်များက ထိန်းချုပ်ထားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဘဏ်သည် ငွေကြေးခဝါချမှုလုပ်ငန်းနှင့် ဆက်နွယ်မှုရှိသည်ဟု အမေရိကန်ဘဏ္ဍာရေးဌာနက ၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့သည်။

လီဘာနီးစ် ကနေဒီယန်ဘဏ်သည် ပုဂ္ဂလိကပိုင်ဘဏ်ဖြစ်ပြီး နိုင်ငံတကာငွေကြေးခဝါချမှုလုပ်ငန်းတွင် ပတ်သက်နေသည်ဟု ယူဆရသည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မှ တစ်သီးပုဂ္ဂလများနှင့် ကုမ္ပဏီများအနေဖြင့် အမေရိကန်နိုင်ငံမှ တစ်ပတ်ရစ်ကားများကိုဝယ်ယူရာတွင် အဆိုပါဘဏ်ကို အသုံးချနေကြကြောင်း၊ ယင်းဘဏ်၏ တာဝန်ရှိသူများသည် ငွေကြေးခဝါချမှုကို သိလျက်နှင့် ခွင့်ပြုပေးထားကြောင်း အမေရိကန်အစိုးရရှေ့နေများနှင့် အမေရိကန်မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနတို့က ပြောကြားသည်။

အမေရိကန်မှတင်သွင်းသော တစ်ပတ်ရစ်ကားများကို အနောက်အာဖရိက ဒေသ၌ပြန်လည်ရောင်းချပြီး ယင်းဒေသရှိ ဟစ်ဇ်ဘိုလာပြောက်ကျားအဖွဲ့နှင့် ဆက်နွယ်သောအုပ်စုများက ရရှိသောငွေကြေး အကျိုးအမြတ်များကို ယင်းပြောက်ကျားအဖွဲ့ထံပေးအပ်သည်ဟု ယူဆရသည်။

ရှိက်တာ။

ဟစ်ဇ်ဘိုလာပြောက်ကျားအဖွဲ့၏ လူထုစည်းဝေးပွဲတစ်ရပ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်၌ တိုင်ဖုန်းမုန်တိုင်းကြောင့် ရေလွှမ်းမိုးလျက်ရှိစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရန်ပုံငွေ ဖိလစ်ပိုင်တွင်ထူထောင်

မနီလာ ဩဂုတ် ၂၁

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ၏ ဆိုးကျိုးသက်ရောက်မှုများကို တိုက်ဖျက်ရန် ဖိလစ်ပိုင်ပီဆိုငွေတစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄သန်း)ရှိ ရန်ပုံငွေတစ်ရပ်ကို ဖိလစ်ပိုင်သမ္မတ ဘင်နစ်နိုအကွီနိုက ထူထောင်ပေးလိုက်ကြောင်း ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

တစ်နှစ်လျှင် တိုင်ဖုန်းမုန်တိုင်းအကြိမ် ၂၀ ခန့်တိုက်ခတ်လေ့ရှိပြီး ကြီးမားသည့် လူသေဆုံးမှုနှင့် ပစ္စည်းဥစ္စာ ပျက်စီးမှုများနှင့် ကြုံတွေ့ရသည့် ဖိလစ်ပိုင်နိုင်ငံ၌ အရေးပေါ် ရန်ပုံငွေထူထောင်ရေးဥပဒေ ပြဋ္ဌာန်းမှုသည် ရာသီဥတုဆိုင်ရာ စီမံချက်များနှင့် သင့်လျော်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကော်မရှင်ဒုတိယအကြီးအကဲ မာရီအန်းလူဝီလီဆာရင်းက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်းများ ကျရောက်လေ့ရှိပြီး ယင်းမုန်တိုင်းများ အင်အားပိုမိုပြင်းထန်လာခြင်းသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ရလဒ်ဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများနှင့် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များက ပြောကြားကြသည်။

အရေးပေါ်ရန်ပုံငွေ ထူထောင်ရေးဆိုင်ရာ ဥပဒေကို ဖိလစ်ပိုင်သမ္မတက ဩဂုတ် ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း စီမံချက်နှင့် ရာသီဥတုနှင့်ဆက်နွယ်သော ဘေးအန္တရာယ်များကြိုတင်ခန့်မှန်းရေးနှင့် ကြိုတင် သတိပေးစနစ်များ မြှင့်တင်ရန်အတွက် အဆိုပါရန်ပုံငွေမှ ငွေကြေးထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

စက်တင်ဘာ ၁၁ရက် အကြမ်းဖက်တိုက်ခိုက်မှု အမေရိကန်စစ်တရားရုံး၌ ကြားနာစစ်ဆေးမည်

ဝါရှင်တန် ဩဂုတ် ၂၁

စက်တင်ဘာ ၁၁ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ စွပ်စွဲခံထားရသူ ငါးဦးကို ဂွမ်တာနာမိုပင်လယ်အော်ရှိ အမေရိကန်စစ်တရားရုံးတစ်ရုံး၌ ဩဂုတ် ၂၂ရက်တွင် ရုံးထုတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပဏာမကြားနာစစ်ဆေးမှုကို ဩဂုတ် ၂၈ရက်တွင်ပြုလုပ်သွားမည်ဟု မျှော်လင့်ရသည်။ ပဏာမကြားနာစစ်ဆေးမှုသည် အမှုစစ်ဆေးနိုင်ရန်ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပြီး ယင်းအမှုသည် တစ်နှစ်ထက်မနည်း ကြာမြင့်ဖွယ်ရှိသည်။

စက်တင်ဘာ ၁၁ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ စွပ်စွဲခံထားရသူများသည် ထိန်းသိမ်းခံထားရချိန်အတွင်း ညှင်းပန်းနှိပ်စက်ခံခဲ့ရကြောင်း တရားခံရှေ့နေများက တင်ပြမည်ဟု မျှော်လင့်ရသည်။

အဆိုပါ အမျိုးသားငါးဦးကို ဂွမ်တာနာမိုပင်လယ်အော်ရှိ အကျဉ်းစခန်းသို့ ၂၀၀၆ခုနှစ်တွင် လွှဲပြောင်းပေးအပ်ခဲ့ခြင်းမရှိ၊ အမေရိကန်ထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)၏ လျှို့ဝှက်အကျဉ်းထောင်များ၌ ထိန်းသိမ်းခဲ့သည်။

စီအိုင်အေက စစ်ဆေးမေးမြန်းမှု ပြုလုပ်ရာ၌ ညှဉ်းပန်းနှိပ်စက်မှုများရှိခဲ့ပြီး ယင်းသို့ ညှဉ်းပန်းနှိပ်စက်မှုမပြုရန် သမ္မတဘာရက်အိုဘားမားက ၂၀၀၉ခုနှစ်တွင် တားမြစ်ပိတ်ပင်ခဲ့သည်။

အင်တာနက်။

အမေရိကန်ထိပ်တန်းဗိုလ်ချုပ်ကြီး၏လေယာဉ် အာဖဂန်တွင်ဒုံးကျည်ထိမှန်

ကဘူး ဩဂုတ် ၂၁

အမေရိကန်နိုင်ငံမှ အဆင့်မြင့်ဆုံးစစ်ဘက်အရာရှိကြီးတစ်ဦး၏လေယာဉ်သည် ဩဂုတ် ၂၀ ရက်ညက အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်းတွင် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ပျက်စီးခဲ့ရကြောင်း၊ ဒုံးကျည်ထိမှန်ခြင်းကြောင့် ယင်းလေယာဉ်၏ပြုပြင်ထိန်းသိမ်းရေးတပ်သားနှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဩဂုတ် ၂၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းလေယာဉ် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရချိန် တွင် အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ကြည်းတပ် ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆေးသည် လေယာဉ်အနီးတွင် မရှိကြောင်း နေတိုးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဂျာမီဂရေးဗီရယ်က ပြောကြားသည်။



ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆေး။ *(ဓာတ်ပုံ-အင်တာနက်)*

ကဘူးမြို့ပြင်ရှိ ဘာဂရမ်လေတပ်အခြေစိုက်စခန်းသို့ ဒုံးကျည်နှစ်စင်းကျရောက်ခဲ့ကြောင်း၊ ယင်းဒုံးကျည်တစ်စင်း၏ အစိတ်အပိုင်းများမှာ ဗိုလ်ချုပ်ကြီးဒမ်ဆေး၏ စီ-၁၇ သယ်ယူပို့ဆောင်ရေးလေယာဉ်ကို ထိမှန်ခဲ့ကြောင်း ဗိုလ်ချုပ်ကြီးဒမ်ဆေး၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဒေဗ်လာပန်က ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ယင်းဒုံးကျည်ဖြင့် တိုက်ခိုက်မှုသည် ဗိုလ်ချုပ်ကြီးဒမ်ဆေးနှင့် ၎င်း၏ရုံးအဖွဲ့တို့၏ လုံခြုံမှုကို ခြိမ်းခြောက်မှုမရှိကြောင်း၊ အခင်းဖြစ်ပွားချိန်၌ ၎င်းတို့မှာ ရိပ်သာများ၌ အိပ်စက်နေကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗိုလ်ချုပ်ကြီးဒမ်ဆေးသည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် အာဖဂန်မှပြန်လည်ထွက်ခွာသွားသော်လည်း ၎င်းသည် ဒုံးကျည်ထိမှန်ခံရသော လေယာဉ်ဖြင့်ထွက်ခွာသွားခြင်း ဟုတ်၊ မဟုတ်ကို ရှင်းလင်းစွာမသိရပေ။ ***အင်တာနက်။***

ဝါရင့်စစ်သတင်းထောက် ယာမာမိုတို။
(ဓာတ်ပုံ-အင်တာနက်)

ဂျပန်အမျိုးသမီးစစ်သတင်းထောက် ဆီးရီးယားနိုင်ငံ၌ သေနတ်ကျည်ထိမှန်သေဆုံး

တိုကျို ဩဂုတ် ၂၁

ဆီးရီးယားနိုင်ငံ၌ စစ်သတင်းရယူနေသော ဂျပန်အမျိုးသမီးသတင်းထောက်တစ်ဦး သေနတ်ထိမှန်ခံရသဖြင့် သေဆုံးခဲ့ရကြောင်း ဂျပန်အစိုးရအဖွဲ့က ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံရှိ ဂျပန်ပရက်စ်အမည်ရှိ ရုပ်မြင်သံကြားသတင်းဌာနမှ ဝါရင့်စစ်သတင်းထောက် မီကာယာမာမိုတိုသည် ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အလက်ပိုမြို့၌ ဩဂုတ် ၂၀ ရက်က သေဆုံးခဲ့ကြောင်း တိုကျိုမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာဆာရှုဆာတိုးက ပြောကြားသည်။

အသက် ၄၅ နှစ်ရှိ ယာမာမိုတိုသည် သူမ၏လုပ်ဖော်ကိုင်ဖက်တစ်ဦးလိုက်ပါလျက် သူပုန်တပ်ဖွဲ့နှင့်အတူ ခရီးသွားလာနေချိန်အတွင်း သေနတ်ပစ်ခတ်ခံခဲ့ရသည်။

ယာမာမိုတိုသည် အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၁ ခုနှစ် နောက်ပိုင်းကာလက စစ်သတင်းရယူခဲ့သူဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံအတွင်းသို့ အမေရိကန်တပ်ဖွဲ့ ကျူးကျော်ဝင်ရောက်ကာ တိုက်ခိုက်ခဲ့စဉ်ကလည်း စစ်သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဆီးရီးယားနိုင်ငံအတွင်းသတင်းရယူသော မည်သည့်နိုင်ငံတကာသတင်းထောက်ကိုမဆို မိမိတို့လက်ခံကြောင်း သူပုန်တပ်ဖွဲ့မှ ဗိုလ်ကြီး အာမက်ဂါဇာလီက ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်တွင်တံတားပေါ် ရထားတွဲများ လမ်းချော်ကျ အောက်မှယာဉ်များ ပျက်စီး

အီလီကော့စီးတီး ဩဂုတ် ၂၁

အမေရိကန်ပြည်ထောင်စု အီလီကော့စီးတီးတွင် ကျောက်မီးသွေးတင်ရထားတစ်စင်းသည် လမ်းချော်၍ တံတားပေါ်မှ ထိုးကျခဲ့ရာ နှစ်ဦးသေဆုံး၍ အောက်တွင် ရပ်ထားသော ကားများပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ရထားဝန်ထမ်းများက လမ်းချော်နေသော ရထားတွဲများပေါ်၌ အသက်ရှင်လျက်ခရီးသည်များ ရှိ မရှိ စစ်ဆေးလျက်ရှိကြောင်း စီဘီအက်စ် ဝါရှင်တန်ဘူတာရုံ၏ ဒဗလျူအန်အီဒဗလျူအက်ဖ်အမ်က ပြောကြားသည်။

ရထားတွဲ ၈၀အနက် ၂၁တွဲသည် တနလ်ာနေ့ ညသန်းခေါင်ယံတွင် ကျွမ်းပြန်ကျခဲ့ခြင်းဖြစ်သည်ဟု ဟိုးဝမ်ခရိုင် တာဝန်ရှိသူများက ပြောသည်။ ရထားတွဲအချို့သည် ရပ်ထားသော ယာဉ်အများအပြားပေါ်သို့ ကျခဲ့သဖြင့် ၎င်းယာဉ်များ ပျက်စီးခဲ့ရသည်။

ဖယ်ရှား

အခြားသေဆုံးသူ သို့မဟုတ် ထိခိုက်ဒဏ်ရာရသူများကို ရှာဖွေနိုင်ရန်အတွက် ယာဉ်များပေါ်မှ ရထားတွဲများကို အဂါနေ့က ကရိန်းဖြင့်မ၍ ဖယ်ရှားခဲ့သည်။

သေဆုံးသူနှစ်ဦးမှာ တံတားပေါ်မှ ရထားလမ်းပေါ်တွင် ရှိနေပြီး ရထားသံလမ်း အလုပ်သမားများ မဟုတ်ဟု ဆိုသည်။ သို့သော် ၎င်းတို့နှစ်ဦးမှာ မည်သူမည်ဝါများဖြစ်ကြောင်း ချက်ချင်း ပြောကြားနိုင်ခြင်း မရှိပေ။

အင်တာနက် ။

ကျောက်မီးသွေးတင်ရထား လမ်းချော်မှုဖြစ်ပွားပြီး နောက် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးရသူ ဖိလစ်ပိုင်ဝန်ကြီး၏ ရုပ်အလောင်းကို တွေ့ရှိ

မနီလာ ဩဂုတ် ၂၁

လေယာဉ်ငယ်ပျက်ကျမှု၌ ပါဝင်ခဲ့သော ဖိလစ်ပိုင်ပြည်ထဲရေးဝန်ကြီး ဂျက်စ်ရော်ဘာဒို၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိရပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၁ရက်တွင် ပြောကြားသည်။

ပျက်ကျ

ဖိလစ်ပိုင်ပြည်ထဲရေးဝန်ကြီးလိုက်ပါလာသော လေယာဉ်ငယ်တစ်စင်းသည် ပင်လယ်ပြင်အတွင်းသို့ပျက်ကျခဲ့ပြီးနောက် သုံးရက်အကြာတွင် ၎င်း၏ ရုပ်အလောင်းနှင့်အတူ လေယာဉ်မှူးနှစ်ဦး၏ ရုပ်အလောင်းများကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။

ပျက်ကျခဲ့သောလေယာဉ်မှာ အင်ဂျင်စက် နှစ်လုံးတပ်ပိုက်ပါ ဆီနီကာအမျိုးအစား လေယာဉ်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မာစဘတ်ပြည်နယ်၏ ပင်လယ်ကမ်းလွန်မှ မီတာ ၈၀၀ခန့်အကွာပေ ၁၈၀အနက်ရှိ ပင်လယ်ရေအောက်မှ ဆယ်ယူရရှိခဲ့သော လေယာဉ်ကိုယ်ထည်အတွင်းမှ ပြည်ထဲရေးဝန်ကြီး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ရော်ဘာဒိုသည် ဩဂုတ် ၁၈ ရက်က နိုင်ငံအလယ်ပိုင်း စီဘူးမြို့မှ ၎င်း၏ ဇာတိရပ်မြေ နာဂါမြို့သို့ လေယာဉ်ငယ်ဖြင့် သွားရောက်စဉ် လေယာဉ်အင်ဂျင်စက် ချွတ်ယွင်းမှုကြောင့် ဖြစ်ပေါ်ရသော လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

အခြေခံပညာကဏ္ဍအဆင့်မြှင့်ရေး ဦးစားပေးဆောင်ရွက်နေ ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း လေ့ကျင့်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

အခြေခံပညာရေးကဏ္ဍသည် ပညာရေးကဏ္ဍ၏ အခြေခံအုတ်မြစ်ဖြစ်ရာ အခြေခံပညာကဏ္ဍအဆင့်မြှင့်တင်ရေးကို အလေးထားပြီး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အခမဲ့မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းကျောင်းသား ကျောင်းသူ ၅ သန်းကျော်သို့ ငွေကျပ်သန်းပေါင်း ၁၈၃၅ ဒသမ ၅ သန်းကျော်တန်ဖိုးရှိသည့် ကျောင်းသုံးစာအုပ်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ ယခု ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် မူလတန်းကျောင်းသား ကျောင်းသူပေါင်း ၅ ဒသမ ၅ သန်းကျော်တို့အတွက် ငွေကျပ်သန်း ၈၀၀၀ ခန့် အကုန်အကျခံ၍ ကျောင်းသုံးစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ် ခြောက်အုပ်စီကို အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကများ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့်အရည်အသွေးမီ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြေအေးက ယနေ့ နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသော ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အခြေခံပညာအလယ်တန်း ပညာသင်ဆုနှင့် အထက်တန်းပညာသင်ဆုများကိုလည်း စနစ်တကျ စီစစ်ချေးငှါးပြီး ဦးမြင့်ပေးလျက်ရှိကြောင်း၊ ဥက္ကဋ္ဌပညာထက်မြက်ပြီး ဆက်လက်ပညာသင်ယူနိုင်ရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အတန်းစဉ်အလိုက် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ အခြေခံပညာမူလတန်းအဆင့်တွင် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် စီမံချက်မြို့နယ်အလိုက် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ အရည်အသွေးမီ သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကောင်း ဖြစ်ထွန်းလာရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီမြှင့်တင်ပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် ဘွဲ့ကြိုသင်တန်းများ၏ သင်တန်းကာလကို တစ်နှစ်တိုးမြှင့်သတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်အလိုက် သင်ကြားရေးမဟာဌာနများ တိုးချဲ့ဖွဲ့စည်းရေး၊ အရည်အသွေးအာမခံချက်ရှိရေး၊ တက္ကသိုလ် ဝင်ခွင့်စနစ်ထားရှိရေး၊ စက်မှုသက်မွေးပညာရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ ဆရာ အရည်အသွေးမြင့်မားရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး အစရှိသည့် လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်လိုကြောင်းဖြင့်လည်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို အခြေခံပညာကဏ္ဍ အဆင့်မြှင့်ပညာကဏ္ဍအလိုက် အုပ်စုခုစုစုခွဲ၍ ဆွေးနွေးညှိနှိုင်းကြသည်။

အခြေခံပညာကဏ္ဍအဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးအေးကြူက အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာသည့် ပညာရှင်ကြီးများက နေးဦးကလေးသူငယ် ပြုစုရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအရ လွှမ်းခြုံမှုရရှိရေးအတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ အခမဲ့ မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ကျောင်းနေမြေရေး လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ရေး၊ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီမြှင့်တင်ဆောင်ရွက်ရေးစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးညှိနှိုင်းကြသည်။

ပညာရေးဝန်ကြီးဌာန ဖြည်ထောင်စုဝန်ကြီး ဒေါက်တာမြေအေး ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးပြောကြားစဉ်။
(သတင်းစဉ်)

အဆုံးပါ အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဘရွှေနှင့် ဒေါက်တာမျိုးမြင့်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အပြီးစီးဘွဲ့ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ(ဌာနမှူး)များ တက်ရောက်ကြသည်။

အဆိုပါ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်အထိ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး၀ဓ်ကြီးချုပ် ဦးမြင့်ဆွေ မင်္ဂလာဒုံမြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား နွားနို့နှင့် ကြက်ဥအာဟာရများကို တိုက်ကျွေးစဉ်။
(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ နွားနို့တိုက်ကျွေးရေးအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ နွားနို့တိုက်ကျွေးရေး အစီအစဉ်စတင်မှု အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အာဆီယံနိုင်ငံများ၏ ကျောင်းများ၌ နွားနို့တိုက်ကျွေးမှု အစီအစဉ်ကို လွှင့်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်ကပင် အကောင်အထည် ဖော်ခဲ့ကြကြောင်း၊ အခြေခံပညာကျောင်းများ၌ နွားနို့တိုက်ကျွေးရေးအစီအစဉ် ရေရှည်တည်တံ့အောင်ဆောင်ရွက်နိုင်ရေး စတေးနာရှင်၊ အလှူရှင်များက မတည်ရန်ပံ့ငွေဖြင့် လှူဒါန်းကြပြီး FAO ကလည်း နည်းပညာနှင့် စက်ကိရိယာပစ္စည်းများ ပံ့ပိုးပေးသွားမည်ဟု သိရှိရကြောင်း၊ နွားနို့တိုက်ကျွေးရေး အစီအစဉ်သည် တစ်မျိုးသား လုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဦးတည်ချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်ဖြစ်သောကြောင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ ရေရှည်ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အမျိုးသားစီမံကိန်းမန်နေဂျာ ဒေါက်တာသန်းထွန်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်လှိုင်တို့က နွားနို့တိုက်ကျွေးမှုအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလှူရှင် ၂၂ ဦးတို့က တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၌ နွားနို့တိုက်ကျွေးရေးအတွက် နွားနို့နှင့်အလှူငွေကျပ်သိန်း ၂၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လက်ခံကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများအား နွားနို့နှင့် ကြက်ဥအာဟာရများ တိုက်ကျွေးကြသည်။ အခြေခံပညာကျောင်းများ၌ နွားနို့တိုက်ကျွေးရေး ရှေ့ပြေးစီမံချက်အရ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ငါးမြို့နယ်မှ အခြေခံပညာ မူလတန်းကျောင်း ၁၁ ကျောင်းရှိ ကျောင်းသား ၂၂၀၀ ကျော်ကို တစ်ပတ်လျှင် တစ်ကြိမ်မှန်ကြိမ် လက်ရှိစာသင်နှစ်ကုန်အထိ တိုက်ကျွေးသွားမည်ဖြစ်ကြောင်းနှင့် အလှူရှင်ရရှိမှုအပေါ်မူတည်၍ အခြေခံပညာကျောင်းများ၌ တိုးချဲ့တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုချီးမြှင့်ရန် အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာနိုင်ငံစာရေးဆရာအသင်း အင်းစိန်မြို့နယ်စာရေးဆရာအဖွဲ့ဝင်များ၏ သားသမီးများအား ပညာရေးထောက်ပံ့လှူဒါန်းရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက်မွန်းလွဲ ၁ နာရီတွင် မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒါရိုက်တာဘုန်းဝေနှင့် ဒုတိယဥက္ကဋ္ဌဒေါက်တာဝိုလ်သံမဏိ(တောင်တွင်းကြီး)တို့က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပညာရေးချီးမြှင့်ထောက်ပံ့မှုကော်မတီ ခေါင်းဆောင် ဆရာလှမိုးနိုင်တို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။ (၆၈၄)

နံနက်ပိုင်း			ညနေပိုင်း	
၇း၀၀	ပရိတ်တရားတော်		၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေးရပ်ကွက်သင်ကြားသင်ခန်းစာ -ပထမနှစ်(ဥပဒေပညာ)
၈း၁၅	"တန်ခိုး"		၅း၃၀	ပီသကြည်မြဟာဂီတ(အပိုင်း-၉)
၈း၂၀	၂၀၁၂ ခုနှစ်(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေးအကိုးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (၀၊၁ဆ၊၅၊၇(ဒုတိယတန်း) အဆင့်) (အမျိုးသား၊ အမျိုးသမီး)		၅း၃၀	"ဘယ်သူယှဉ်နိုင်မှာလဲ သူတို့တေးသွားနဲ့ သူတို့တစ်စုံ"
			၅း၄၅	၂၀၁၂ ခုနှစ်(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အကိုးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (၀၊၁ဆ၊၅၊၇(ဒုတိယတန်း) အဆင့်) (အမျိုးသား၊ အမျိုးသမီး)
၈း၅၅	"Road to 27th SEA GAMES" (အလေးမ)		၇း၁၀	"လက်တွေ့တင်ဆက်ကလေးတို့ အိပ်မက်"
			၈း၀၀	ပြည်တွင်းသတင်း

မြန်မာ့ခရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

-နိုင်ငံတကာသတင်းများ
-ဦးလေဝသအခြေအနေ
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"
(အပိုင်း-၈၃)
- ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အကိုးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ)
"မဟာဗုဒ္ဓဝင်ဖွားတော်မွေခန်း" (ဒုတိယဆု)
(စစ်ကိုင်းတိုင်းဒေသကြီး)
(ပထမပိုင်း)

ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေများ ပံ့ပိုးပေးအပ်

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်ကောင်စီမှ တပ်ကုန်းမြို့နယ်ရှိ လယ်ယာကုန်ထုတ် အသင်းသားများအား ၂၀၁၂ မိုးစပါးစိုက်ပျိုးရေးရိတ် ငွေကျပ် ၁၄၈၁ ဒသမ ၄ သိန်း ပံ့ပိုးခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီတွင် ညောင်လွန်းကျေးရွာ၌ ကျင်းပသည်။**(ယာပု)**

အခမ်းအနားတွင် နေပြည်တော်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်သောင်းက ယင်းပံ့ပိုးချေးငွေများကို ကျေးဇူးတင်ပြီး ညောင်လွန်း၊ ခရမ်းစပ်ကုန်း၊ ကင်မွန်းတန်း၊ ခွယ်ရစ် နှင့် အလယ်ကွန်းကျေးရွာများရှိ လယ်ယာကုန်ထုတ်အသင်းသားများအား ၂၀၁၂ မိုးစပါးစိုက်ပျိုးစရိတ်များအတွက် ပံ့ပိုးပေးခြင်း ဖြစ်ကြောင်းနှင့် စနစ်တကျအသုံးပြုစေရေး ဆွေးနွေးမှာကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ပံ့ပိုးချေးငွေပေးချေခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက ဦးဆောင်၍ လယ်ယာကုန်ထုတ်အသင်းသား တစ်ဦးချင်းထံ ပံ့ပိုးချေးငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆေးပညာသတင်းဆန်းများ (၂၈)

ဒေါက်တာကံညွန့်

တစ်မိနစ်မှာ ကလေးတစ်ယောက်နှုန်း သေဆုံးနေရသည့်ရောဂါများ

ကမ္ဘာတစ်လွှား တစ်နှစ်မှာ (၅)နှစ်အောက်ကလေးပေါင်း ၇ ဒသမ ၆ သန်း နှစ်စဉ် သေဆုံးနေရတယ်လို့ ဆိုပါတယ်။ ဒီလိုသေဆုံးရတဲ့ ရောဂါပေါင်းများစွာ ရှိပေမယ့် အဓိကရောဂါနှစ်ခုကတော့ Pneumonia ခေါ် အဆုတ်ရောင်ရောဂါနဲ့ ဝမ်းလျှောရောဂါတို့ ဖြစ်တယ်လို့ဆိုပါတယ်။ ဒီရောဂါတွေကြောင့် တစ်မိနစ်မှာ ကလေးတစ်ယောက်နှုန်းသေဆုံးနေရပြီး အာဖရိကနိုင်ငံတွေနဲ့ ဆာဟာရသဲကန္တာရနိုင်ငံတွေမှာ ကလေးသေဆုံးရခြင်း အားလုံးရဲ့ သုံးပုံတစ်ပုံဟာ ဒီရောဂါနှစ်မျိုးကြောင့်လို့ ဆိုပါတယ်။ ကလေးတွေအတွက် ဝက်သက်၊ ကြက်ညှာ၊ ဆုံဆို့၊ မေးခိုင်နှင့် ပိုလီယိုရောဂါတွေအတွက် ကာကွယ်ဆေးရှိပြီး ဒီရောဂါတွေအတွက် ကာကွယ်ဆေးမရှိသေးပေမယ့် ဒီရောဂါတွေဖြစ်လာရင် စောစီးစွာ ပိုးသေဆေးတိုက်ကျွေးခြင်း၊ ဝမ်းလျှောတဲ့ ကလေးတွေအတွက် ဓာတ်ဆားရည်တိုက်ခြင်းတို့ဟာ ထိရောက်တဲ့ကုသမှုတွေဖြစ်တဲ့အတွက် ဒီဆေးတွေဟာ အလုံအလောက်ရနိုင်ရင် ကလေးတွေရဲ့အသက်ကို ဆုံးရှုံးခြင်းက အထူးကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကလေးတွေအတွက် ပုံမှန်ဆေးထိုး၊ ဆေးကျွေးလုပ်ရတဲ့ ကာကွယ်ဆေးတွေအပြင် Antibiotic ပိုးသေဆေး၊ ဓာတ်ဆားထုပ်တွေကို ဒီရောဂါအဖြစ်များတဲ့ဒေသတွေဆီကို လုံလောက်အောင် ပို့ပေးရလိမ့်မယ်လို့ ဆိုပါတယ်။ ဒါဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်တဲ့ (၅)နှစ်အောက် ကလေးသေတဲ့နှုန်းကို တစ်သန်းထိရောက်အောင် လျှော့ချဖို့ကိုလည်း အထောက်အကူပြုနိုင်မယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကိုတော့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ ဂျော(ချ်)တောင်းတက္ကသိုလ်မှ ပြုလုပ်တဲ့ နိုင်ငံပေါင်း ၈၀ ကျော်က ဆေးပညာရှင်နှင့် ဆေးဝါးထုတ်လုပ်သူများ ၁၀၀၀ ကျော် တက်ရောက်ခဲ့တဲ့ ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေးပွဲကြီးမှာ တင်ပြဆုံးဖြတ်ခဲ့ကြကြောင်း တင်ပြလိုက်ရပါတယ်။

ဆီးချိုဝေဒနာရှင် အမျိုးသားများလည်း ကျားကျားလျားလျားဖြစ်နိုင်

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆီးချိုဝေဒနာရှင်တွေအတွက် အားတက်စရာသတင်းပါ။ ဆီးချိုရောဂါဟာ အသက်အရွယ်ကြီးလာတဲ့ ယောကျ်ားတွေမှာ Erectile Dysfunction ခေါ်တဲ့ ပန်းသေပန်းညိုးရောဂါဟာလည်း ဖြစ်ပေါ်လာတတ်ပါတယ်။ ဒီရောဂါဖြစ်လာရင် ကုရာနတ္ထိဆေးမရှိပါဘူး။ အခု အများသုံးနေတဲ့ Viagra ဆေးဟာလည်း ယင်းလူတွေအတွက် မစွမ်းနိုင်ပါဘူး။ အခုတော့ အဲဒီလိုလူတွေကို ကုဖို့ ကုထုံးသစ်တစ်ခုပေါ်လာပါပြီ။ ရိုးတွင်းခြင်ဆီ (Bone Marrow) ထဲက Mesenchyma Stem Cell ကိုယူပြီး ကျားအင်္ဂါထဲက ကြွက်သားတစ်ခုဖြစ်တဲ့ (Corpus Cavernosa)ထဲကို ထိုးထည့်လိုက်တာနဲ့ ကျုံ့ဝင်အားပျော့နေတဲ့ ယင်းကြွက်သားဟာ တစ်လလောက်အတွင်းမှာ သန်မာလာပြီး Viagra လို စားဆေးမျိုး အကူအညီနဲ့ ပြန်လည်သန်စွမ်းလာနိုင်ကြောင်း လေ့လာတွေ့ရှိချက်ကို ကြွက်တွေမှာ စမ်းသပ်အောင်မြင်နေပြီဖြစ်လို့ လူတွေမှာလည်း မကြာခင်စမ်းသပ်အသုံးပြုနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို Diabetes Digest ဂျာနယ်မှာ ဖော်ပြထားကြောင်း ပါခင်ဗျာ။

ပဋိသန္ဓေတာရှည်တားသည့် စိတ်အချရဆုံးနည်း

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ တာရှည်ပဋိသန္ဓေတားလိုသူ မိန်းကလေးတွေအတွက် ဖြစ်ပါတယ်။ ပဋိသန္ဓေတားရာမှာ နည်းအမျိုးမျိုးရှိတဲ့အနက်က ဆေးပြားလေးတွေ စားသုံးခြင်း၊ မိန်းမကိုယ်အတွင်း အကာအကွယ်(Vaginal Ring)ထည့်သုံးခြင်းတို့ဟာ သားအိမ်ထဲကို IUD (Intra Uterine Device) ထည့်ခြင်း၊ Implant ထည့်ခြင်းတို့လောက် စိတ်မချရဘဲ မရည်ရွယ်ဘဲရတဲ့ ကိုယ်ဝန်ရဖို့ အဆ ၂၀ လောက် ပိုများနိုင်တယ်လို့ ဆိုပါတယ်။ ဒါကိုတော့ အမေရိကန်နိုင်ငံ St. Lous မြို့ ဝါရှင်တန်ဆေးတက္ကသိုလ်က သိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အသက်(၁၄)နှစ်မှ (၄၅)နှစ်အရွယ် မိန်းကလေး ၇၅၀၀ ကို လေ့လာခဲ့တာဖြစ်ပြီး ၎င်းတို့တွေ့ရှိချက်ကို New England Journal of Medicine မှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ အဲဒီလို သားအိမ်ထဲကို IUD သို့ Implant ထည့်တဲ့နည်းဟာ လုံးဝစိတ်ချရပြီး ကိုယ်ဝန်ဆောင်ခြင်းကို တစ်ရာခိုင်နှုန်းလောက်ပဲဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ဒီနည်းဟာ စိတ်ချရပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့နည်းဖြစ်ပေမယ့် အမေရိကန်နိုင်ငံက ပဋိသန္ဓေတားလိုသူ မိန်းကလေးတွေရဲ့ ၅ ဒသမ ၅ ရာခိုင်နှုန်းကသာ အသုံးပြုနေကြတယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံတစ်ခုတည်းမှာ ကိုယ်ဝန်ဆောင်သူတစ်နှစ်မှာ သုံးသန်းကျော်ရှိတဲ့အနက် တစ်ဝက်ခန့်ဟာ မရည်ရွယ်ဘဲ ကိုယ်ဝန်ဆောင်ခဲ့ကြသူများဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဟာ အမေရိကန်လိုတိုးတက်ပြီး နိုင်ငံတစ်ခုအတွက် များလွန်းတယ်လို့ သိရကြောင်းပါခင်ဗျာ။

သားဥများထုတ်ထားသူ၏ ကိုယ်ဝန်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကလည်း ဆေးပညာလောကမှာ ထူးဆန်းတဲ့သတင်းပါ။ ဒါကတော့ စပိန်နိုင်ငံ ဘာစီလိုနာမြို့က Saint John de Deu ခေါ်တဲ့ ဆေးရုံမှာ ဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒီဆေးရုံက ဆရာဝန်တစ်စုဟာ အသက် (၃၁)နှစ်အရွယ်မှာ စပိန်အမျိုးသမီးတစ်ဦးရဲ့ သားဥ(Ovary)မှာ ကင်ဆာရောဂါရှိတယ်ဆိုပြီး Ovary နှစ်ခုစလုံးကို ထုတ်လိုက်ကြပါတယ်။ ဒီလိုထုတ်ပြီး ယင်း Ovary နှစ်ခုကတစ်ခုရဲ့ အစကလေးတစ်စမှာ Cancer Cell နဲ့ လွတ်လွတ်ကင်းကင်း ဖြစ်နေတာ တွေ့ရတဲ့အတွက် သူ့ကို တစ်ချိန်ချိန်မှာ ပြန်ထည့်ပေးနိုင်အောင် ရည်ရွယ်ပြီး အအေးခန်းတစ်ခုမှာ Freeze လုပ်ပြီး သိုလှောင်ထားပါတယ်။ ခြောက်လကြာလို့ သူ့ရဲ့ ကင်ဆာကို ကုသပြီးတဲ့အချိန်မှာ ယင်း Ovary အစလေးကို သူ့ရဲ့ Ovary နေရာမှာ ပြန်ထည့်ပေးခဲ့ပါတယ်။ အဲဒီအစကလေးကနေ မျိုးဥထုတ်ပေးပြီး ယခုတော့ သူဟာ ကိုယ်ဝန်ရှိနေပြီလို့ သိရပါတယ်။ ဒီကိုယ်ဝန်မျိုးဟာ ဒီလို Ovary နှစ်ခုစလုံး ထုတ်ထားသူအတွက် ကမ္ဘာမှာ ပထမဦးဆုံး ကိုယ်ဝန်ရှိခြင်းပဲလို့ ဆိုပါတယ်။ ဒါကြောင့် သူတို့ဟာ ယင်းလို Ovary ကင်ဆာခံစားရသူ ၁၇၃ ဦးကိုလည်း နောက်ထပ်အဲဒီလို လုပ်ပေးနိုင်အောင် Ovary အစလေးတွေကို သိုလှောင်ထားခဲ့ပြီလို့ သိရကြောင်းပါခင်ဗျာ။

တရားစွဲခံရသည့် အမေရိကန် ကိုမျိုးအောင်

နောက်သတင်းတစ်ပုဒ်ကလည်း ကိုယ်ဝန်ဆောင်မှုနဲ့ပဲ ပတ်သက်ပါတယ်။ ဒါကတော့ အမေရိကန်နိုင်ငံ California ပြည်နယ်က ကိုမျိုးအောင်လို့ခေါ်ရမယ့် Trent Arsenault ဆိုသူအကြောင်းပါ။ သူဟာ (၃၆)နှစ်အရွယ်ရှိပြီး မိန်းမ သုံးယောက်နဲ့ ကလေး ၁၄ ယောက်ဖခင်ပါ။ သူဟာ မျိုးအောင်သူတစ်ဦးဖြစ်လို့ သူ့ရဲ့ သုက်ရည်ကို သုက်ရည်ဘဏ်ကတစ်ဆင့် လှူဒါန်းရင်း ဝင်ငွေရှာနေသူပါ။ ဒါပေမယ့် သူကမကျေနပ်နိုင်ဘဲ သူ့သုက်ရည်ကို ပိုးသန့်စင်တဲ့ခွက်နဲ့ထည့်ပြီး ကလေးလိုချင်သူ အမျိုးသမီးထံ OnLine ကတစ်ဆင့် ရောင်းချခဲ့တာကြောင့် သူ့ကို USFDA အဖွဲ့က တရားစွဲဆိုလိုက်ပါပြီ။ သူဟာ သုက်ရည်လှူဒါန်းသူတွေရဲ့ စည်းကမ်းကို ဖောက်ဖျက်တာရယ်၊ သူ့ကိုယ်ခန္ဓာမှာ ကူးစက်ရောဂါရှိ၊ မရှိ မစစ်ဆေးဘဲ သုက်ရည်ပေးခဲ့တာကြောင့်လို့ ဆိုပါတယ်။ ဒီအမှုသာမှန်ရင် သူဟာ US Dollar တစ်သိန်း သို့မဟုတ် ထောင်ဒဏ်တစ်နှစ် ကျခံရလိမ့်မယ်လို့ သိရကြောင်းပါခင်ဗျာ။

မွေးရာပါနှလုံးရောဂါရှင်ကလေးများအတွက် နှလုံးတုစက်

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ မွေးရာပါနှလုံးရောဂါရှင်ကလေးတွေအတွက်ပါ။ ဒီလိုရောဂါရှင်တွေမှာ နှလုံးအစားထိုးကုသမှု မခံရခင်မှာ မွေးကင်းစကလေး ၂၃ ရာခိုင်နှုန်း သေဆုံးရပြီး (၅)နှစ်မှ (၁၂)နှစ်အရွယ်ကလေးတွေမှာတော့ ၁၂ ရာခိုင်နှုန်းကနေ ၁၇ ရာခိုင်နှုန်းထိ နှလုံးအစားထိုးကုသမှု မခံလိုက်ရဘဲ သေဆုံးနေကြရပါတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့ Berlin Heart လို့ခေါ်တဲ့ ဂျာမန်ဆေးကုမ္ပဏီကြီးတစ်ခုက EXCOR လို့ခေါ်တဲ့ နှလုံးတုစက်တစ်ခုကို တီထွင်လိုက်ပါပြီ။ ဒီစက်ကတော့ မွေးရာပါနှလုံးရောဂါရှိပြီး နှလုံးအစားထိုးကုမှ ပျောက်နိုင်မယ့် ကလေးတွေမှာ နှလုံးအစားထိုးမခံရခင် မွေးကင်းစကပဲ ကလေးအရွယ်ရောက်လာသည်ထိ အစားထိုးတပ်ထားပေးနိုင်တဲ့ စက်တစ်ခုဖြစ်ပါတယ်။ ဒီလိုစက်မျိုး ယခင်လူကြီးတွေအတွက် ရှိခဲ့ပေမယ့် ကလေးတွေမှာ အသုံးမပြုနိုင်ခဲ့ဘူးလို့ သိရကြောင်းပါခင်ဗျာ။

နားမကြားမှုကုသနည်းသစ်

တချို့နားမကြားသူတွေမှာ နားမကြားခြင်းအကြောင်းတစ်ခုဖြစ်တဲ့ နားထဲက အင်္ဂါတစ်ခုဖြစ်တဲ့ Cochlea က အာရုံခံ Cell တွေ ပျက်စီးနေတဲ့ မျိုးရိုးဗီဇရောဂါတစ်ခုလဲပါပါတယ်။ ဒီလိုပျက်စီးနေတဲ့ ဝေဒနာရှင်တွေကို နှာခေါင်းရဲ့အတွင်းလိုင်းနားမှာ ရှိနေတဲ့ Nasal Mucosa stem cell ကို ယင်း cochleaမှာ ထိုးထည့်ပေးလိုက်ခြင်းဖြင့် အောင်မြင်စွာ ကုသနိုင်မယ်လို့ ကြေညာလိုက်ပါတယ်။ ဒီကုသမှုကိုတော့ Australia နိုင်ငံ New Southwales University မှ သုတေသနပညာရှင်တစ်စုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ယင်းကဲ့သို့ နားမကြားဖြစ်နေတဲ့ ကြွက်တွေကို စမ်းသပ်အောင်မြင်ခဲ့တာဖြစ်ပြီး လူတွေမှာလည်း အလားတူ ကုသပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

ဦးခေါင်းဒဏ်ရာစစ်ဆေးနိုင်မည့်စက်

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အားကစားသမားတွေ အထူးသဖြင့် ဘောလုံးအားကစားသမားတွေကြုံရတတ်တဲ့ ဦးခေါင်းဒဏ်ရာရမှုကို အလွယ်တကူစစ်ဆေးနိုင်တဲ့ Test တစ်ခုကို University of Pennsy Lvania School of Medicine က တီထွင်လိုက်ကြပါတယ်။ ဒီစမ်းသပ်နည်းကိုတော့ King-Devick Test လို့ အမည်ပေးထားပါတယ်။ ဦးခေါင်းခိုက်မိသူတွေမှာ (Concussion Injury) လို့ခေါ်တဲ့ ဦးနှောက်ကို ထိခိုက်မှုရှိ၊ မရှိ အလွယ်တကူသိနိုင်အောင် ဒီ Test က ကူညီနိုင်မယ်လို့ ဖော်ပြထားပါတယ်။ ဒီ Test မှာ လက်မအရွယ်ရှိတဲ့ ကတ်ပြားလေးတစ်ခုမှာ နံပါတ်တွေကိုဖော်ပြထားပြီး သာမန်လူတွေအတွက် အလွန်ဆုံး တစ်စက္ကန့်အတွင်း ဖတ်နိုင်ကြပြီး ဒီထက်အချိန်ပိုပြီး ငါးစက္ကန့်ကျော်လောက်မှ ဖတ်နိုင်ကြရင်တော့ ဦးနှောက်ဒဏ်ရာရနိုင်တယ်ဆိုတာ ခန့်မှန်းနိုင်ကြောင်း သိရပါတယ်။ ဒီ Test ဟာ ဦးခေါင်းဒဏ်ရာရသူတွေမှာ ဓာတ်မှန်၊ CT တို့နဲ့ မစစ်ဆေးခင် အလွယ်တကူခန့်မှန်းနိုင်တဲ့ စစ်ဆေးနည်းလို့ သိရကြောင်းပါခင်ဗျာ။

ယောကျ်ားများ ရင်သားခွဲစိတ်ကုသမှု

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ခွဲစိတ်မှုနဲ့ဆိုင်ပါတယ်။ ရင်သားခွဲစိတ်မှုလုပ်ရာမှာ တချို့ကတော့ ရင်သားမှာ အဖုအကျိတ်ပေါ်လို့ ကင်ဆာရောဂါမသင်္ကာလို့ ခွဲစိတ်ရတာတွေရှိသလို ရင်သားအလှပြင်ခွဲစိတ်မှုကလည်း များပြားလာပါတယ်။ ကမ္ဘာတစ်လွှား ရင်သားအလှပြင်ခွဲစိတ်မှုဟာ လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်တစ်နှစ်ထဲမှာ ၁ ဒသမ ၅ သန်းကျော်ရှိပါတယ်။ အဲဒီထဲမှာ အမေရိကန်နိုင်ငံထဲမှာပဲ ၃၃၀၀၀၀ ကျော်ရှိပြီး တရုတ်နိုင်ငံမှာ ၅၅၄၀၀၊ အိန္ဒိယနိုင်ငံမှာ ၅၁၀၀၀ ရှိတယ်လို့ ဆိုပါတယ်။ ဒီအထဲက ထူးဆန်းတာက အိန္ဒိယနိုင်ငံမှာပါ။ အိန္ဒိယမှာ ယောကျ်ားတွေမှာလည်း ရင်သားခွဲစိတ်တာများလာတယ်လို့ ဆိုပါတယ်။ အများအားဖြင့် အသက် (၁၀/၃၅)နှစ်အရွယ်တွေဖြစ်ပြီး အိမ်ထောင်မပြုရသေးသူတွေမှာ ရင်သားကြီးနေခြင်း (Gynaecomascia)ကြောင့်လို့ ဆိုပါတယ်။ တချို့ရင်သားအစားထိုးရာမှာ Silicon Gel ကို ယခင်က ၁၉၆၂ ခုနှစ်ခန့်က အသုံးပြုခဲ့ကြပေမယ့် ၂၀၁၁ ခုနှစ်ကတော့ ပြင်သစ်နိုင်ငံမှာ Silicon Gel ကြောင့် ကင်ဆာဖြစ်နိုင်တာ တွေ့ရတယ်ဆိုပြီး Saline Bag ကို အသုံးပြုခဲ့ကြတာပါ။

ယခုအခါ အမေရိကန်နိုင်ငံမှာ လိင်တူနှင့် လက်ထပ်ခွင့်ပြုလိုက်တာရယ်၊ လိင်အင်္ဂါပြောင်းထားတဲ့ အမျိုးသမီးတွေကို မယ်စကြဝဠာအထိ ဝင်ခွင့်ပြုလိုက်တာရယ်ကြောင့် ရင်သားအစားထိုးမှုဟာ ပိုပြီးလုပ်လာကြလိမ့်မယ်လို့ မျှော်လင့်ထားကြောင်း တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ပဲခူးတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော အများပြည်သူတို့ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရန်နှင့် သုံးစွဲဖို့အား ပြည့်မီကောင်းမွန်လာစေရန်အတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက တည်ဆောက်လျက်ရှိသော ၂၃၀ ကေဗွီမင်းလှပင်မဓာတ်အားခွဲရုံကို လက်ရှိဓာတ်အား ပို့လွှတ်ထားသော ၂၃၀ ကေဗွီ ရွှေတောင်-မြောင်းတကာမဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရမည်ဖြစ်သည်။

အဆိုပါမဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံချိတ်ဆက်ခြင်းလုပ်ငန်းကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၃၀ ကေဗွီ ရွှေတောင်-မြောင်းတကာမဟာဓာတ်အားလိုင်းကို ၂၅-၈-၂၀၁၂ ရက် နံနက် ၀၆း၀၀ နာရီမှ ၂၈-၈-၂၀၁၂ ရက် ညနေ ၁၈း၀၀ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ရာ အောက်ဖော်ပြပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ နေရာဒေသအချို့တွင် နေ့စဉ် နံနက် ၀၆း၀၀ နာရီမှ ည ၂၁း၀၀ နာရီအတွင်း ဓာတ်အားပြတ်တောက်မှုများရှိနိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

ဓာတ်အားပြတ်တောက်မည့်နေရာဒေသများမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ ဖြစ်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

4D ယာဉ်နှင့် ဝင်ရိုးနှစ်တန်း ခြောက်ဘီးယာဉ်၊ ကုန်တန်ချိန် သတ်မှတ်ချက် ပြင်ဆင်သတ်မှတ်ရေးသွင်းတင်ဆောင်ခြင်း ခွင့်မပြု

ရန်ကုန် ဩဂုတ် ၂၁

"ကုန်စည်ပို့ဆောင်ရေးအတွက် ဝင်ရိုးနှစ်ခုပါ ခြောက်ဘီးကုန်တင်ယာဉ်များကို အမျိုးအစား အုပ်စုနှစ်စုခွဲ၍ ကုန်တန်ချိန်တင်ဆောင်ခွင့်အား ဩဂုတ် ၁၆ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ထုတ်ပြန်ခဲ့ကြောင်းသိရသည်"ဟု ဩဂုတ် ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၈)ကော်လံ(၂/၃)တွင် မင်းမင်းရေးသားသည့် ကုန်တင်ယာဉ်များ ကုန်တန်ချိန်ခွင့်ပြုချက် ထုတ်ပြန်ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အဆိုပါသတင်း ဒုတိယအပိုဒ်တွင် "ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းလာသည့် 4D ယာဉ်များနှင့် ကိုယ်ထည် ၂၃ ပေအရှည်ရှိယာဉ်များကို (ယာဉ်+ကုန်) ၁၆ တန်အထိ ခွင့်ပြုထားကြောင်းသိရသည်"ဟု ဖော်ပြထားရာ အဆိုပါသတင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့သော သတင်းမဟုတ်ကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းသည့် 4D ယာဉ်များနှင့် ဝင်ရိုးနှစ်တန်း ခြောက်ဘီးယာဉ်များကို မူလထုတ်လုပ်စဉ် သတ်မှတ်ချက်တန်ချိန်များအတိုင်းသာ ခွင့်ပြုမည်ဖြစ်ပြီး ဝင်ရိုးနှစ်တန်းနှင့် ခြောက်ဘီးပါရှိတိုင်း ၁၆ တန်အထိ ခွင့်ပြုမည်မဟုတ်ကြောင်း၊ မူလထုတ်လုပ်စဉ် (ယာဉ်+ကုန်) တန်ချိန်သတ်မှတ်ချက်အား ပြင်ဆင်သတ်မှတ်ရေးသွင်း၍ တင်ဆောင်ခြင်းကိုလည်း ခွင့်ပြုမည်မဟုတ်ကြောင်း သတင်းအမှန်ကို ထပ်မံသိရှိရသည်။ (ကြေးမုံ)

အမက(၂၂)တာမွေ၌ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်အရ ဩဂုတ် ၁၁ ရက် တွင် ဦးမြတ်မင်းဟိန်း-ဒေါ်ခိုင်စုဝင်းတို့၏ သား Grade-1 မှ မောင်ဘုန်းပြည့်ခန့်က ကျောင်းသား ကျောင်းသူများအား နွားနို့နှင့် ပလာတာ အာဟာရအဖြစ် တိုက်ကျွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းငွေ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ကျောင်းပတ်ဝန်းကျင်မှ ရယ်စရာ

ပြုံးချို(ဝါးခယ်မ)

ခိုင်လုံသော အကြောင်းပြချက်

ကျောင်းသားများရေးလာသော စာစီစာကုံးလေ့ကျင့်ခန်းစာအုပ်များ စစ်ဆေးနေချိန်တွင်-

ဆရာ ။ ။ ကျော်ကဒိုး-- မင်းရေးထားတဲ့ "ကျွန်ုပ်၏ ခွေးကလေး" အကြောင်း စာစီစာကုံးက မင်းအစ်မရေးထားတာနဲ့ အတူတူဖြစ်နေပါလား။

ကျော်ဒိုး။ ။ ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့မှာရှိတဲ့ ခွေးက တစ်ကောင်တည်း အတူတူပါပဲ။

နိုင်ငံခြားပညာသင်ယူမှုဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံမှ ထူးချွန်သည့် ကျောင်းသားကျောင်းသူများအတွက် GEC နှင့်ချိတ်ဆက်ထားသည့်တက္ကသိုလ်များမှ ပညာသင်ထောက်ပံ့ကြေးပမာဏမြင့်မားစွာ ပေးအပ်မည့်အစီအစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီတွင် ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တွင်လည်း တစ်ဦးချင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် iGCSE/GCE 'A' Level ဖြေဆိုစရာမလိုဘဲ အင်္ဂလန်ထိပ်တန်းတက္ကသိုလ်ကြီးများသို့ တက်ရောက်နိုင်မည့် ပညာရေးလမ်းကြောင်းများနှင့် ကရောင်းပညာရေးနှင့်ချိတ်ဆက်ထားသည့် အင်္ဂလန်တက္ကသိုလ်များထဲမှ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအတွက် နေထိုင်ခွင့် တစ်နှစ်စီစဉ်ပေးမည့်တက္ကသိုလ်များ၊ အင်္ဂလန်ထိပ်တန်းတက္ကသိုလ်ကြီးများသို့ ဝင်ခွင့်အကြောင်းများကိုပါ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ တက်ရောက်လိုသူများသည် ဖုန်း-၀၉-၇၃၂၇၃၂၇၇ နှင့် ၀၉-၅၀၈ ၅၁၈၅ တို့တွင် ဆက်သွယ်စုံစမ်းစာရင်း ပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးမြို့နယ် ကျွန်သာယာရပ်ကွက် ရေကြီးနစ်မြုပ်သည့် အိမ်ထောင်စုဝင် ၇၄၇ စု၊ လူဦးရေ ၂၆၀၀ တို့အား တစ်ဦးလျှင်ငွေကျပ် ၅၀၀၀နှင့် ဆန်ငါးပြည်တို့ကို ထိုင်ဝမ်ဗုဒ္ဓဘာသာ(TZU-CHI) အဖွဲ့အစည်းက ရွှေနံ့သာဘုန်းတော်ကြီးကျောင်း၌ လှူဒါန်းစဉ်။

(၅၈၈)

အများပိုင်ကုမ္ပဏီ၏ ဥပဒေစနစ်များနှင့် စီမံခန့်ခွဲမှုစနစ်များ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် အများပိုင်ကုမ္ပဏီ၏ ဥပဒေစနစ်များနှင့် စီမံခန့်ခွဲမှုစနစ်များ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် Grand Ball Room ၌ကျင်းပသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများမှ ဥပဒေအရာရှိများ၊ ဂျပန်နိုင်ငံ အစိုးရကိုယ်စား ဂျပန်သံရုံးနှင့် JICA မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ ဥပဒေပညာရှင်များ တက်ရောက်ကြသည်။

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် အများပိုင်ကုမ္ပဏီ၏ ဥပဒေစနစ်များနှင့် စီမံခန့်ခွဲမှုစနစ်များ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ တွင် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရန် ပြဋ္ဌာန်းထားကြောင်း၊ ဒုတိယအကြိမ် စီမံကိန်းကော်မရှင်အစည်းအဝေး၌ နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့သော မိန့်ခွန်းတွင်လည်း ဈေးကွက်စီးပွားရေးစနစ်မှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်နေကြောင်း၊ ယခုကျင်းပသော ဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ "Corporate Governance" ကုမ္ပဏီစီမံအုပ်ချုပ်မှု သဘောသဘာဝ၊ အများပိုင်ကုမ္ပဏီများ၏ ဥပဒေရေးရာစနစ်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုမ္ပဏီများနှင့်စပ်လျဉ်း၍ ခိုင်မာသော ဥပဒေမူဘောင်တစ်ရပ် တည်ရှိနေပြီဖြစ်ကြောင်းနှင့် ကုမ္ပဏီတစ်ရပ်အနေဖြင့် သင့်လျော်သော ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများမရှိဘဲ ရပ်တည်နိုင်မည်မဟုတ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲရလဒ်များ၊ အတွေးအခေါ်သစ်များမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံသံရုံးမှ Minister Counsellor Mr. Ichiro Maruyama က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ဦးဆောင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်နိုင်ဝင်းက "Situation and Challenges for Reforming Legal System on Public Company and the Legal Governance"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံ နာဂိုရာတက္ကသိုလ်မှ ဥပဒေပါမောက္ခ Mr. Manabu Matsunaka က "Fundamentals of Law on Public Corporations" ခေါင်းစဉ်ဖြင့် လည်းကောင်း တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြု မေးမြန်းခဲ့ကြသည်။

ဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အမြို့မြို့ အနယ်နယ်တွင် ရေကြီးရေလျှံ

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုဖြစ်ရပ်ကွက်အချို့တွင် လှေ၊ ဝါးဖောင်တို့ဖြင့် သွားလာနေရ

ရွှေကျင် ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ယခုလ ၃ ရက်မှစတင်၍ စစ်တောင်းမြစ်ရေနှင့် ရွှေကျင်မြစ်ရေ မြင့်တက်လာမှုတို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ယနေ့အထိ ရေအနည်းငယ်သာကျဆင်းသွားပြီး မိုးရွာလာသောအခါ ရေများပြန်လည်ဝင်ရောက်လာသဖြင့် ဌာနဆိုင်ရာများက ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ စဉ်ဆက်မပြတ် ကူညီစောင့်ရှောက်ပေးနေသည်ကို တွေ့ရသည်။

ရွှေကျင်မြို့နယ်တွင် ယခင် ၁၉၉၇ ခုနှစ်က ရေကြီးမှုသည် အကြီးမားဆုံးဖြစ်ပြီး ယခုနှစ်ရေကြီးမှုမှာ ဒုတိယ လိုက်ကြောင်းဒေသခံများ၏ပြောပြချက်အရ သိရသည်။ ယနေ့အချိန်ထိ မြို့တွင်းလမ်းများပေါ်အထိ ရေများရောက်ရှိလျက်ရှိသည်။**(အောက်ပုံ)**

ရေကြီးမှုစတင်ဖြစ်ပွားသော ဩဂုတ် ၃ ရက်တွင် ရွှေကျင်မြစ်ရေသည် တရိပ်ရိပ်တက်လာကြောင်း နံနက် ၁၁ နာရီခန့်ရောက်သောအခါ အိမ်ပေါ်အထိတက်ရောက်လာသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာသို့ ဆက်သွယ်အကူအညီတောင်းခံရာ ချက်ချင်းစက်တပ်လှေများဖြင့်ရောက်ရှိလာပြီး ကျေးရွာပြည်သူများကို တင်ဆောင်၍ ရေလွတ်ရာသို့ အခေါက်ခေါက်အခါခါ ပို့ဆောင်ကူညီပေးပြီး အချို့ပြည်သူများက ကိုယ်ပိုင်လှေများဖြင့် ရေလွတ်ရာသို့ပြောင်းရွှေ့ခဲ့ကြောင်း၊ လူအသေအပျောက်မရှိဘဲ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခဲ့ကြောင်း ကျောက်လုံးကြီးကျေးရွာ၊ ရေအေးမြိုင်ကျေးရွာ၊ ကံဘေးအိုင်ကျေးရွာတို့မှ ရေဘေးသင့်ပြည်သူတို့က ပြောကြားသည်။

ယခုအခါ ရေများ တရိပ်ရိပ်ကျဆင်းလျက်ရှိပြီဖြစ်သဖြင့် အချို့ကျေးရွာသူ ကျေးရွာသားတို့သည် ကယ်ဆယ်ရေးစခန်းများမှ နေအိမ်သို့ ပြန်လည်နေထိုင်လျက်ရှိသော်လည်း စစ်တောင်းမြစ်ရေနှင့် ရွှေကျင်မြစ်ရေမကျဆင်းဘဲ ပြန်လည်မြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ရွှေကျင်မြို့ပေါ် ရပ်ကွက်များ၌ လှေ၊ ဝါးဖောင်၊ စက်တပ်လှေတို့ဖြင့် ကူးလူးသွားလာလျက်ရှိကြသည်ကို တွေ့ရသည်။ **(စိုးငွေး)**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ ရေကြီးရေလျှံမှုများ ဖြစ်ပွားရေဘေးကြုံတွေ့နေရသော ပြည်သူများအား စိတ်ချရသည်အထိ စီမံဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂)ကို ဩဂုတ် ၁၆ ရက်က ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့် ဦးစီးပြီး ကျင်းပခဲ့ရာ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များက အရေးကြီးအဆိုနှင့်ပတ်သက်၍ တင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ မြစ်ဝကျွန်းပေါ်သားများသည် ယခုအခါသဘာဝဘေးအန္တရာယ်ကျရောက်မှု၊ သဘာဝဘေးအန္တရာယ်၏ စိန်ခေါ်မှုကို ခံစားနေရကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးမှအစ အခက်အခဲများ ကြုံတွေ့နေကြရကြောင်း၊ အဆိုပါ ကြုံတွေ့ခံစားနေရသော အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်သွားရန်၊ အစီအမံကောင်းများ ချမှတ်ဆောင်ရွက်သွားရန်နှင့် မြစ်ကမ်းဘေးရှိ တာတမံထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို စိတ်ချရသည်အထိ သက်ဆိုင်ရာက စီမံဆောင်ရွက်ပေးပါရန် စသည့် အဆိုကို ကျုံပျော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းက တင်သွင်းသွားခဲ့သည်။ ထိုအဆိုကို ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာလှမြတ်သွေးနှင့် ပန်းတနော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမန်းသက်တင်တို့က ထောက်ခံဆွေးနွေးသွားခဲ့သည်။

ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲအတွင်းရှိ ငဝန်မြစ်တာ၊ ဇောမိတာ၊ လေးမျက်နှာမြို့နယ် အတွင်းရှိ ရွှေဘိုတာ၊ ထိန်ငူတာနှင့် ဘုရားကြီးကုန်းတာများ၏ တာနိမ့်ခြင်း၊ တာအိခြင်းများ၊ မူလတာတမံမြေသား ရေတိုက်စားခြင်း၊ ရေလျှံခြင်းများကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လေးမျက်နှာ၊ ရေကြည်၊ ကျုံပျော်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ပုသိမ်၊ သာပေါင်းမြို့နယ်များတွင် နှစ်စဉ်ရေကြီးရေလျှံနစ်မြုပ်ခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ဒေသနေပြည်သူများ ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။

ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာတွင် ရေကြီးနစ်မြုပ်နေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ငွေးအောင်)

ရေကြည်မြို့နယ်၌ စိုက်ပျိုးပြီး မိုးစပါး ၉၄၀၈၉ ဧကအနက် ရေနစ်မြုပ်ဧက ၄၂၀၄၀ ဧက ရှိနေပြီဖြစ်သည်။ အစောပိုင်းကာလက ဧရာဝတီတိုင်းဒေသကြီးတွင် လေးမြို့နယ်သာ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ ယခုအခါ မြို့နယ်ခြောက်မြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိရာ အချို့ကျေးရွာများမှာ ရွာလုံးကျွတ် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ **(ကိုဧရာ)**

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့ ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ၁၁၇ စင်တီမီတာ (၃ ဒသမ ၈ ပေခန့်)သာလိုသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အင်ဂပူမြို့၌ သောက်သုံးရေ ဖြန့်ဝေ

အင်ဂပူ ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး အင်ဂပူမြို့နယ် အေးစေတီကျေးရွာတွင် နေအိမ်ခြံဝန်းများအတွင်းသို့ ရေဝင်ရောက်မှုကြောင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၃၁၂ ဦးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၈၀၀ အား ဩဂုတ် ၁၉ ရက်က ဖြန့်ဝေပေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်နှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က ကြီးကြပ်ဆောင်ရွက်သည်။ (ကြေးမုံ)

မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းပန်လုံမြို့ဈေးအတွင်းနှင့် ရပ်ကွက်အချို့ရေဝင်

ပန်လုံ ဩဂုတ် ၂၁

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ပန်လုံမြို့နယ်ခွဲတွင် ဩဂုတ် ၁၉ ရက် ညသန်းခေါင်ယံ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တောင်ကျရေများ စီးဆင်းခြင်း၊ ပန်လုံမြို့နယ်ခွဲရှိ ဈေးဆိုင်ခန်းများ၊ ရပ်ကွက် (၃)၊ (၄)၊ (၆)တို့တွင် ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ဈေးအတွင်းရှိ အနိမ့်ပိုင်းနေရာများတွင် ရေသုံးပေခွဲမှ လေးပေခန့်အထိ နစ်မြုပ်လျက်ရှိသည်။ ရေဝင်ရောက်မှုကြောင့် ဈေးဆိုင်ခန်း ၆၀ ရေနစ်မြုပ်ပြီး အိမ်ထောင်စု ၅၀ ခန့်၊ လူဦးရေ ၂၀၀ ခန့် ရေဘေးသင့်ခဲ့သော်လည်း အသက်အန္တရာယ် ထိခိုက်မှုမရှိကြောင်း သိရသည်။ အဆိုပါရေဘေးသင့်ပြည်သူများအား “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့က ငွေကျပ်သုံးသိန်း၊ ပန်ခွန်သတ္တုတူးဖော်ရေးကုမ္ပဏီက ငွေကျပ်သုံးသိန်း လှူဒါန်းခဲ့ကြောင်းနှင့် ပန်လုံမြို့နယ်ခွဲ ပြန်/ဆက်ရုံးမှာ ရေဘေးမှ ကင်းလွတ်ကြောင်း သတင်းရရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

ဩဂုတ် ၂၁ ရက်က မိုးရွာသွန်းမှုကြောင့် ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၅၁)လမ်းထောင့်တွင် လမ်းပေါ်သို့ ရေများဝင်ရောက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ရေကြီးနစ်မြုပ်မှုယာယီစခန်းများဖွင့်လှစ်၍ လိုအပ်သည်များ ပံ့ပိုးပေးနေ

ပုသိမ် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ဩဂုတ် ၄ ရက်မှ ၂၀ ရက်အထိ ပုသိမ်မြို့နယ်တွင် ယာယီစခန်း ၃၅ ခု၊ အိမ်ထောင်စု ၂၁၁၃ စု၊ လူဦးရေ ၈၃၅၈၊ ကန်ကြီးထောင့်မြို့နယ်တွင် ယာယီစခန်း ၁၁ ခု၊ အိမ်ထောင်စု ၂၅၇ စု၊ လူဦးရေ ၁၀၅၂၊ သာပေါင်းမြို့နယ်တွင် ယာယီစခန်း ၆၀ ခု၊ အိမ်ထောင်စု ၂၆၇၀၊ လူဦးရေ ၁၂၁၀၇၊ ကျုံပျော်မြို့နယ်တွင် ယာယီစခန်းတစ်ခု၊ အိမ်ထောင်စု ၁၀၂၊ လူဦးရေ ၃၅၇ စု၊ ရေကြည်မြို့နယ်တွင် ယာယီစခန်း ၂၇ ခု၊ အိမ်ထောင်စု ၇၇၃ စု၊ လူဦးရေ ၃၂၂၈၊ ငသိုင်းချောင်းမြို့နယ်တွင် ယာယီစခန်း ၁၀ ခု၊ အိမ်ထောင်စု ၅၅၀ စု၊ လူဦးရေ ၂၂၅၇၊ ကျောင်းကုန်းမြို့နယ်တွင် ယာယီစခန်း ၇၁ ခု၊ အိမ်ထောင်စု ၁၈၄၃ စု၊ လူဦးရေ ၇၉၀၁ စုစုပေါင်း ယာယီစခန်း ၂၁၅ ခု၊ အိမ်ထောင်စု ၈၃၀၈ စုမှ လူဦးရေ ၃၅၂၆၀ တို့အား မြို့နယ်အလိုက် ရေကင်းလွတ်ရာနေရာများသို့ ပြောင်းရွှေ့ခြင်း၊ လိုအပ်သည်များ ပံ့ပိုးပေးခြင်း၊ ကြိုတင်ကာကွယ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(ငွေထွန်း)**

✻နိုင်ငံသူ နိုင်ငံသားများမှ
အသက်အန္တရာယ်ကာကွယ်ပေးသည့် စမ်းသပ်မှုများကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ သွေးသွင်းကုသမှုပြုလုပ်နိုင်သော ကျန်းမာရေးဌာနများတွင် ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ထို့ပြင် Rh သွေးအုပ်စုစမ်းသပ်စစ်ဆေးမှုကိုလည်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ သွေးသွင်းကုသမှုလုပ်ငန်းများတွင် ကျွမ်းကျင်စွာစစ်ဆေးနိုင်ရန် လေ့ကျင့်ပေးပြီး ဖြစ်ပါကြောင်း၊ သွေးအုပ်စုစမ်းသပ်ရာ၌ အသုံးပြုမည့်သွေးရည်ကြည်မှာ(၄) ဒီဂရီစင်တီဂရိတ်တွင် အစဉ်အမြဲသိုလှောင်ထားရှိမှသာ မှန်ကန်သည့်အဖြေကိုရရှိမည်ဖြစ်ပါသဖြင့် ၎င်းအခြေအနေရှိသော ဆေးကုသမှု၊ ဝန်ဆောင်မှုလုပ်ငန်း၊ နေရာဒေသတိုင်းတွင် Rh စမ်းသပ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆည်မြောင်းကဏ္ဍဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၏ **သဲကုန်းမြို့နယ်အတွင်းရှိ ပျက်စီးနေသော သဲဖြူချောင်း ရေထိန်းတမံပြုပြင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂-၂၀၁၃ ခုနှစ် ပွင့်လင်းရာသီတွင် အသေးစိတ် စူးစမ်းလေ့လာတိုင်းတာမှုများကို ဆောင်ရွက်ပြီး ရရှိသည့်အချက်အလက်များအပေါ်အခြေခံ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွင့်ပြုပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်၏ **မြင်းမူမြို့အား ရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် နှစ်ကာလကြာမြင့်ပြီဖြစ်သော ရေကာတာများကို စနစ်တကျ ခိုင်ခံ့အောင် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါမြင်းမူမြို့တွင်း ရေဘေးကာကွယ်ရေးတာပေါင်ကို ပိုမိုခိုင်ခံ့စိတ်ချစေရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနအနေဖြင့် နည်းပညာအပါအဝင် တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကျောက်တံခါး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ မေးမြန်းစဉ်။ (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ပြည်နယ်အသီးသီးတွင် နှစ်ကာလကြာမြင့်စွာ တာဝန်ထမ်းဆောင်နေကြရသော ဆရာ၊ ဆရာမများ ပြောင်းရွှေ့ခွင့်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနက မည်သို့ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိကျောင်းများတွင် လုပ်သက်ကြာမြင့်မှု၊ ပြောင်းရွှေ့လျှောက်လွှာပါ ဆန္ဒပြုရာမြို့နယ်၊ ကျောင်းဦးစားပေးအစီအစဉ်၊ ဘာသာရပ်ကိုက်ညီမှု၊ ဆရာ နှင့် ကျောင်းသားအချိုး၊ လစ်လပ်နေရာများတွင် သင်တန်းဆင်းခန့်ထားနိုင်မှု၊ တပ်ပြောင်း၊ ဝန်ထမ်းပြောင်း၊ မိသားစုအခက်အခဲ၊ လူမှုရေးအခက်အခဲတို့အပေါ် မူတည်၍ ပြောင်းရွှေ့လျှောက်လွှာများကို တန်းစီဇယား ပြုစု၍ ပြောင်းရွှေ့ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၏ **စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သချ်ာမေးခွန်းမှားယွင်းမှုမျိုး မဖြစ်ပေါ်စေရန်အတွက် စီမံဆောင်ရွက်ပေးနိုင်မှုအစီအစဉ်နှင့် အရည်အသွေးကောင်းမွန်သော စာရွက်အမျိုးအစားကိုသာ စီစဉ်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းစာရွက်၏အရည်အသွေးကို တစ်ပြေးညီဖြစ်စေရန်အတွက် နိုင်ငံခြားစက္ကူကို အသုံးပြုထားပါကြောင်းနှင့် နောက်နောင်မေးခွန်းမှားယွင်းမှု မဖြစ်ပေါ်စေရေးအတွက်လည်း စီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကျန်း မာ ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ ဒေါ် မြတ် မြတ် အုန်းခင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

လွှတ်တော်၏အတည်ပြုချက်ရယူခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အမြဲတမ်းကော်မတီ(၄)ခုကို ၂၀၁၁ ခုနှစ် မတ်လတွင်လည်းကောင်း၊ တိုးချဲ့ဖွဲ့စည်းခဲ့သော လွှတ်တော်ကော်မတီ(၁၉)ခုကို ၅-၉-၂၀၁၁ ရက်တွင်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ၇-၈-၂၀၁၂ ရက်တွင်လည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ၅-၉-၂၀၁၁ ရက်တွင် ဖွဲ့စည်းခဲ့သောကော်မတီ (၁၉)ခု၏သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့၏ နောက်တစ်ရက်ဖြစ်သော ၅-၉-၂၀၁၂ရက်မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သက်မှတ်သွားမည်ဖြစ်ပါကြောင်းဖြင့် လွှတ်တော်သို့တင်ပြရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မရှင်ဝင် တိုးချဲ့ဖွဲ့စည်းခြင်း၊ လွှတ်တော်ကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ကော်မတီ(၁၉)ခု သက်တမ်းတိုးခြင်းတို့ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

လွှတ်တော်သို့အသိပေးတင်ပြခြင်းကဏ္ဍ၌ အမျိုးသားလွှတ်တော်သို့ပေးပို့သော **နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေအား ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့် **တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်း**ဆိုင်ရာများကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်မှု တင်ပြခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့က ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး**အဆိုအပေါ် ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ ဆွေးနွေးချက်တွင်ပါရှိသော ကသာခရိုင်တရားရုံးကစစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်ချက်ကိစ္စကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်ပြီး ဆောင်ရွက်မှုအားပြန်လည်တင်ပြရန် ဆုံးဖြတ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာကော်မတီများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်တို့က အဆိုပါအမှု၏ တရားစီရင်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အနေဖြင့် တရားရေးမဏ္ဍိုင်ကို ဝင်ရောက်စွက်ဖက်ဆောင်ရွက်နေခြင်းမဟုတ်သည်ကို ဦးစွာတင်ပြလိုပါကြောင်း၊ "တရားရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး"အဆိုနှင့်ပတ်သက်၍ ဦးတင်ဝင်း၏ တင်ပြချက်အပေါ်မူတည်ပြီး ယခုကဲ့သို့ ရှင်းလင်းတင်ပြကြရသည့် အနေအထားပင်ဖြစ်ပါကြောင်း၊ ဤသည်ပင် လွှတ်တော်၏ဂုဏ်သိက္ခာ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာအတွက် ဆောင်ရွက်ရင်း တစ်ဖက်က တရားစီရင်သည့်နေရာတွင် မှန်မှန်ကန်ကန် ဖြစ်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပေးခြင်းဖြစ်သည်ဆိုသည့် အဓိပ္ပာယ်သက်ရောက်ပါကြောင်း၊ ယနေ့ဆွေးနွေးချက်များကို မိမိတို့ကြားနာသည့်အခါ တရားစီရင်ရေးအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများ၊ သက်သေများ၊ ရှေ့နေရှေ့ရပ်များ၊ ဆက်စပ်အကြောင်းခြင်းရာကို ဖော်ထုတ်သောပုဂ္ဂိုလ်များသည် တရားရေးမဏ္ဍိုင်တည့်မတ်ကြံ့ခိုင်ရန်အတွက် လိုအပ်မည်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထိုနည်းတူစွာ မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဥပဒေ၊ ဥပဒေနှင့်ပတ်သက်သောအနက်အဓိပ္ပာယ်၊ အကြောင်းအရာများကိုလည်း နားလည်ရန်လိုအပ်ပါကြောင်း၊ ယနေ့တရားစီရင်သည့်နေရာတွင် တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးနှင့်ပတ်သက်၍ ဥပဒေကို တတ်ကျွမ်းနားလည်သော ပြည်သူအများအပြားရှိမည်ဆိုလျှင် ယခုကဲ့သို့ မဏ္ဍိုင်တိမ်းစောင်းနိုင်မည့်အနေအထား မဖြစ်ပေါ်နိုင်ကြောင်းကို အားလုံး သုံးသပ်တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဤကိစ္စသည် သက်ဆိုင်ရာတရားသူကြီးများ၊ တရားရေးအဖွဲ့အစည်းများက ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် လွှတ်တော်အနေဖြင့် လွှမ်းမိုးဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းမရှိသည့်အပြင် တာဝန်လည်းမရှိပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဤဖြစ်စဉ်အကြောင်းအရာအပေါ် မူတည်ပြီး နိုင်ငံတော်သမ္မတအနေဖြင့် သုံးသပ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့မည် ဖြစ်ပါကြောင်း။

ထိုနည်းတူစွာ လွှတ်တော်အတွင်း၌ မိမိတို့သိမြင်၊ ကြားနာခဲ့ရသည့် အချက်များကို အတိုချုံးရေးသားပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လည်း ပေးပို့မည်ဖြစ်ပါကြောင်း၊ ဤအပေါ်မူတည်၍ သက်ဆိုင်ရာ တာဝန်ရှိသူများကသုံးသပ်ပြီး ဆောင်ရွက်သွားနိုင်ရန်အတွက် မိမိတို့လွှတ်တော်က တိုက်တွန်းကြောင်း သဝဏ်လွှာပေးပို့မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဤသို့စေတနာထားဆောင်ရွက်မှုသည် တရားရေးမဏ္ဍိုင်ပိုမိုကြံ့ခိုင်ရန်၊ မှန်ကန်သည့်ဆုံးဖြတ်ချက်ဖြစ်ရန်အတွက် များစွာ အထောက်အကူပြုသည့်အပြင် မိမိတို့ရည်မှန်းချက်ဖြစ်သည့် နိုင်ငံနှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို လွှတ်တော်များက မှန်မှန်ကန်ကန် ဆောင်ရွက်ပေးနေသည်ဆိုသည့် အသိကို နိုင်ငံသားများသိရှိပြီး လိုအပ်သည့်ကိစ္စများရှိပါက လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် လွှတ်တော်သို့ တင်ပြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ သယ်န်းညီနောင်မှ
မြဝတီမြို့နှင့် အနီးဆုံး (၃)မိုင်ခန့်ဝေးသည့်နေရာကို ရွေးချယ်ထားပါကြောင်း၊ သယ်န်းညီနောင်-ကော့ကရိတ်လမ်းပိုင်းသည် သယ်န်းညီနောင်မှ ဒေါနတောင်ခြေကိုဖြတ်၍ ကော့ကရိတ်အထိ စုစုပေါင်း (၂၈ ဒသမ ၆)ကီလိုမီတာရှိပြီး နှစ်လမ်းသွားကတ္တရာလမ်းအဖြစ် ထိုင်းနိုင်ငံအကူအညီဖြင့် ဖောက်လုပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ **"ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့် မတူပီ-ဆမီး-မီးဝ သို့မဟုတ် ပွိဝုန်းလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် ပြည်နယ်(၂)ခု တိုက်ရိုက်ဆက်သွယ်သွားလာသော ယာဉ်သွားလမ်းမရှိသည့်အတွက် မတူပီ-ပလက်ဝလမ်းသည် ချင်းပြည်နယ်အစိုးရမှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၄၄၄ ဒသမ ၀၀) သန်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၂၀ ဒသမ ၀၁၇)သန်းဖြင့် ပွင့်လင်းရာသီတွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် မတူပီမှ ပလက်ဝသို့ (၁၂)ပေ အကျယ် တစ်ကြောင်းထိုးမြေလမ်း ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် (၁၂၈၀ ဒသမ ၅)သန်း တင်ပြတောင်းခံထားပြီး ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၏ **"မိတ္ထီလာမြို့၊ ကန်လယ်တံတားကို တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

အသေးစားကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုလွှတ်တင်နိုင်ရေး ဒုတိယအဆင့် ဖြစ်နိုင်ခြေလေ့လာရေးအတွက် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၁

ဂျပန်နိုင်ငံအကူအညီဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနအတွက်လွှတ်တင်မည့် အသေးစားကမ္ဘာမြေလေ့လာရေးဂြိုဟ်တု လွှတ်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ Marubeni Aerospace Corporation မှ Vice - President and General Manager for 2nd Sales Division, Mr.Tetsuya Yamamoto နှင့် တာဝန်ရှိသူများ၊ Silver Wave Energy မှ Chairman ဦးမင်းမင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး **(ယာပုံ)** ဂျပန်နိုင်ငံ Marubeni Aerospace Corporation မှ Program Manager, Mr. Shoichi Satoh က ဂျပန်နိုင်ငံမှ လွှတ်တင်ပေးမည့် အသေးစား ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုနှင့် သက်ဆိုင်သော အချက်အလက်များ၊ ပထမအဆင့် ဖြစ်နိုင်ခြေလေ့လာရေး ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဒုတိယအဆင့် ဖြစ်နိုင်ခြေ လေ့လာရေး ဆောင်ရွက်မည့်အစီအစဉ်နှင့် ပူးတွဲအလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်ရန် လျာထားချက် အစီအစဉ်များ၊ ဝန်ကြီးဌာနများမှ ဂြိုဟ်တုစနစ်အသုံးပြုမှု အခြေအနေ၊ ဂြိုဟ်တုမှရယူလိုသည့် သတင်းအချက်အလက်များ သိရှိလိုမှုများနှင့်ပတ်သက်၍အသေးစိတ်ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက မိမိတို့ဝန်ကြီးဌာနများအလိုက် အသုံးပြုလျက်ရှိသော ဂြိုဟ်တုစနစ်သုံး လုပ်ငန်းများ၊ ယခုလွှတ်တင်ပေးမည့် ဂြိုဟ်တုမှ ရရှိလိုသော အချက်အလက်များ၊ ဆက်သွယ်ရေးဂြိုဟ်တုအသုံးပြုမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနအတွက် ဂျပန်နိုင်ငံအကူအညီဖြင့် လွှတ်တင်ပေးမည့် အသေးစားကမ္ဘာမြေလေ့လာရေးဂြိုဟ်တု လွှတ်တင်ရေးအတွက် ဒုတိယအဆင့် ဖြစ်နိုင်ခြေလေ့လာရေး လုပ်ငန်းများကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုအဆင့်တွင် ပူးတွဲ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့များသို့ ဆွေးနွေးပို့ချ

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် အဖွဲ့ဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင် ဒေါ်ခင်လေးမြင့်နှင့် အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ ဒေါက်တာသင်းသင်းမော်နှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌက အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ ရည်ရွယ်ချက်နှင့်ဖွဲ့စည်းပုံတို့ကို လည်းကောင်း၊ အတွင်းရေးမှူး-အဖွဲ့ဝင် ဒေါ်ကျင်စန်းက ဌာနကြီးများ၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်နေသော လုပ်ငန်းများကိုလည်းကောင်းရှင်းလင်းဆွေးနွေးကြသည်။

အလားတူ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန့်စင်နှင့် အဖွဲ့ဝင်များ၊ အသင်းခွဲဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဝင်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတကာအနုပညာရပ်ဝန်း **အောဝမ်းစိုး**

ချစ်သူများဖြစ်နေကြောင်း ဝန်ခံလိုက်သည့် လီပြောင်ဟွန်းနှင့် လီမင်ဂျန်

နာမည်ကျော် ကိုရီးယားအနုပညာကြယ်ပွင့်များဖြစ်သည့် မင်းသား လီပြောင်ဟွန်းနှင့် မင်းသမီး လီမင်ဂျန်တို့က ၎င်းတို့နှစ်ဦး ချစ်သူများဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံခဲ့ကြသည်။

လီပြောင်ဟွန်းနှင့် လီမင်ဂျန်တို့သည် ယခုနှစ်အစောပိုင်းကတည်းက ထွက်ပေါ်နေသည့် ၎င်းတို့နှစ်ဦးနှင့်ပတ်သက်သည့် ကောလာဟလသတင်းများကို နှစ်ဦးစလုံးက အကြိမ်ကြိမ် ငြင်းဆိုခဲ့ကြသော်လည်း ယခုအခါ နှစ်ဦးစလုံးက ဝန်ခံခဲ့ကြပြီဖြစ်သည်။

"အမျိုးသမီးတစ်ဦးအနေနဲ့၊ သရုပ်ဆောင် မင်းသမီးတစ်ဦးအနေနဲ့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ထုတ်ဖော်ပြောကြားဖို့ အများကြီးစဉ်းစားခဲ့ရပါတယ်။ ပရိသတ်ရဲ့ ထောက်ခံအားပေးမှုနဲ့အတူ ကျွန်မတို့နှစ်ဦး ပျော်ရွှင်စွာ ဆက်လက်

❖ **သယ်န်းညီနောင်မှ**

မြဝတီမြို့နှင့် အနီးဆုံး (၃)မိုင်ခန့်ဝေးသည့်နေရာကို ရွေးချယ်ထားပါကြောင်း၊ သယ်န်းညီနောင်-ကော့ကရိတ်လမ်းပိုင်းသည် သယ်န်းညီနောင်မှ ဒေါနတောင်ခြေကိုဖြတ်၍ ကော့ကရိတ်အထိ စုစုပေါင်း (၂၈ ဒသမ ၆)ကီလိုမီတာရှိပြီး နှစ်လမ်းသွားကတ္တရာလမ်းအဖြစ် ထိုင်းနိုင်ငံအကူအညီဖြင့် ဖောက်လုပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ **"ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့် မတူပီ-ဆမီး-မီးဝ သို့မဟုတ် ပွိဝုန်းလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် ပြည်နယ်(၂)ခု တိုက်ရိုက်ဆက်သွယ်သွားလာသော ယာဉ်သွားလမ်းမရှိသည့်အတွက် မတူပီ-ပလက်ဝလမ်းသည် ချင်းပြည်နယ်အစိုးရမှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၄၄၄ ဒသမ ၀၀) သန်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၂၀ ဒသမ ၀၁၇)သန်းဖြင့် ပွင့်လင်းရာသီတွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် မတူပီမှ ပလက်ဝသို့ (၁၂)ပေအကျယ် တစ်ကြောင်းထိုးမြေလမ်း ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် (၁၂၈၀ ဒသမ ၅)သန်း တင်ပြတောင်းခံထားပြီး ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၏ **"မိတ္ထီလာမြို့၊ ကန်လယ်တံတားကို တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အဆိုပါတံတားအား တိုးချဲ့တည်ဆောက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထား တင်ပြသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဝင်းသိန်း၏ **"ပန်းတနော်-ဒေါင့်ကြီး ကျောက်ခင်းလမ်းအား ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေရရှိပါက အမာခံလမ်းမှ ကတ္တရာလမ်းအဆင့်သို့ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပန်းတနော်-ဒေါင့်ကြီး ကျောက်ခင်းလမ်းကို ကတ္တရာလမ်း အဆင့်ရောက်အောင် နှစ်စဉ်ရန်ပုံငွေ တင်ပြတောင်းခံ၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း၏ **"ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာရှိ ဥရုချောင်းဖြတ်ကူးတံတားအား တံတားသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ မိုးကောင်း-ကာမိုင်း-လုံးခင်း-ဖားကန့်လမ်းသည် ပထမရွှေနဂါးကုမ္ပဏီမှ ဘီအိုတီစနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသောလမ်း ဖြစ်ပါကြောင်း၊ လောလောဆယ် လုံးခင်းတံတား ကြံ့ခိုင်မှုရှိအောင် ထိန်းသိမ်းသွားမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တံတားသစ် ဆောက်လုပ်ရေးအတွက် ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးမြင့်စိုး၊ ဒေါက်တာလှသိန်းနှင့် ဦးကြည်ထွန်းတို့က ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၄-၈-၂၀၁၂ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်းတို့က ဆွေးနွေးကြသည်။

၎င်းနောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာ ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းက ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် **"Clean Government ဖြစ်စေရန် ဝန်ထမ်းများ၏ ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်များ အဆင့်အလိုက် ခံစားခွင့်ရရှိရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသိန်းဝင်း၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်းတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံတော်မှ ဝန်ထမ်း အဖြစ်လျှောက်လိုသူအား ပြည့်စုံရမည့် သတ်မှတ်ချက် အရည်အချင်းများကို ဖော်ပြ၍ လစာ/ ရိက္ခာ မည်၍မည်မျှ ရမည်ဟု ဖော်ပြ၍ခေါ်ယူခဲ့ခြင်း ဖြစ်ပါကြောင်း၊ မည်သည့်လစာနှုန်းထားမှ စတင်ရရှိပြီး နှစ်တိုးမည်မျှ၊ အမြင့်ဆုံး လစာနှုန်းထား မည်မျှအထိရမည် ကိုသာဖော်ပြပြီး ခေါ်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ခန့်အပ်ထားသော ဝန်ထမ်းများ၏ ရာထူး/အဆင့်အတန်းအလိုက် လစာ၊ နေ့တွက်၊ ခရီးစရိတ်၊ ရုံးသုံးစရိတ်များ နှင့် တတ်နိုင်သမျှ နေအိမ်၊ တိုက်ခန်း၊ ရေ-မီး-မိလ္လာများကို စီမံပေးခဲ့ပြီးဖြစ် ပါကြောင်း၊ နယ်ဆင်း၍ တာဝန် ထမ်းဆောင်ရာတွင် မိမိစိုက်ထုတ်သုံးစွဲရ သော ကုန်ကျစရိတ်များကို ဘောက်ချာ၊ ပြေစာ၊ ထောက်ခံစာများဖြင့် တင်ပြ တောင်းခံပါက ဝန်ကြီးဌာနတိုင်းမှ ခွင့်ပြု ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ လူထုကို တဲပေါ်မှ တိုက်ပေါ်ရောက်အောင် တင်ပေးချင်သည့်စိတ် အပြည့်ရှိပါကြောင်း၊ ဝန်ထမ်းများ၏ သွားလာရေး၊ စားဝတ်နေရေးကို ယခုထက် အဆင်ပြေအောင် ဆောင်ရွက်ပေးလို စိတ် အပြည့်ရှိပါကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် အချိန်အခါအပေါ် မူတည်ပြီး အကောင် အထည်ဖော်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ဖြစ်နိုင်သမျှလစာတွင် အပိုဆောင်းငွေနှင့် အငြိမ်းစားလစာ တိုးပေးခဲ့ပါကြောင်း၊ နောက်ထပ် တိုးပေးနိုင်ရန်မှာ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှု အပေါ် မူတည်နေပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေး တိုးတက်လာ ရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါ ကြောင်း၊ ဝန်ထမ်းတိုင်းက မိမိတာဝန်ကို ကျေပွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံသား တိုင်းကလည်း နိုင်ငံသားတာဝန် ကျေပွန်မှသာ နိုင်ငံတော်၏ အသီး အပွင့်ကို ခံစားရမည်ဖြစ်ပါကြောင်းနှင့် အဆိုကိုရုပ်သိမ်းပေးပါရန် တင်ပြအပ် ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် မေးမြန်းစဉ်။
(သတင်းစဉ်)

အဆိုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က အဆိုကို မှတ်တမ်းတင်လိုကြောင်းတင်ပြ သဖြင့် အဆိုရှင်၏ဆန္ဒအရ အဆိုကို မှတ်တမ်းအဖြစ်ထားရှိရန် လွှတ်တော် က ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံ စာဆိုင်ရာ ကော်မတီဝင် ဦးမိုးမြင့်က **"ယနေ့နိုင်ငံတော်တွင် သန့်ရှင်းသော အစိုးရ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေ ချိန်တွင် တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားမျှတစွာမှန်ကန်သည့် တရားစီရင် ရေး ဖြစ်ပေါ်စေရေးကို အထူးအလေး ထား ကြီးကြပ်ဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း"** အဆိုကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က **"ပညာရေးတိုးတက်ပြောင်းလဲ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လည်း ကောင်း တင်သွင်းရာ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးစီက ထောက်ခံ ဆွေးနွေးကြသည်။

ယင်းအဆိုများကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့်လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး (၃၂)ရက်မြောက်နေ့ အစည်းအဝေးကို ဩဂုတ် ၂၂ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ် ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေး၌ မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခု တင်သွင်းခြင်း၊ အစီရင်ခံစာ(၁)ခု ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း၊ အဆို (၁)ခုဆွေးနွေးခြင်းနှင့် အဆိုသစ်(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြ သည်။ (သတင်းစဉ်)

လျာထားချက် အစီအစဉ်များ၊ ဝန်ကြီးဌာနများမှ ဂြိုဟ်တုစနစ်အသုံးပြုမှု အခြေအနေ၊ ဂြိုဟ်တုမှရယူလိုသည့် သတင်းအချက်အလက်များ သိရှိလိုမှုများနှင့်ပတ်သက်၍အသေးစိတ်ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက မိမိတို့ဝန်ကြီးဌာနများအလိုက် အသုံးပြုလျက်ရှိသော ဂြိုဟ်တုစနစ်သုံး လုပ်ငန်းများ၊ ယခုလွှတ်တင်ပေးမည့် ဂြိုဟ်တုမှ ရရှိလိုသော အချက်အလက်များ၊ ဆက်သွယ်ရေးဂြိုဟ်တုအသုံးပြုမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအတွက် ဂျပန်နိုင်ငံအကူအညီဖြင့် လွှတ်တင်ပေးမည့် အသေးစားကမ္ဘာမြေလေ့လာရေးဂြိုဟ်တု လွှတ်တင်ရေးအတွက် ဒုတိယအဆင့် ဖြစ်နိုင်ခြေလေ့လာရေး လုပ်ငန်းများကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုအဆင့်တွင် ပူးတွဲ အလုပ်ရုံဆွေးနွေးပွဲလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ဂြိုဟ်တုလွှတ်တင်ပြီးပါက ဂြိုဟ်တု Channel တစ်ခုမှနေ၍ နေ့စဉ် မိုးလေဝသ သတင်းများ ထုတ်လွှင့်ပေးခြင်း၊ ရာသီဥတုခန့်မှန်းချက်များ ထုတ်ပြန်ပေးခြင်း၊ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများ အနေဖြင့်လည်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော သတင်းအချက်အလက်များ ရရှိရေးအတွက် ပိုမိုထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့သဘင်အလှဆင်သူများ မန္တလေးတွင် ကပြ

မန္တလေး ဩဂုတ် ၂၁

မန္တလေးမြို့ရှိ မြန်မာ့သဘင်အလှဆင်သူများနှင့် ပရဟိတရွှေလက်များအဖွဲ့တို့ပူးပေါင်းပြီး (၂၀)ကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲ ရန်ပုံငွေပွဲတော်ကြီးကို ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မန္တလေးမြို့ ၆၄ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ Oriental House ခန်းမတွင် ညစဉ် ၇ နာရီမှစပြီး ကျင်းပသည်။

ရရှိသော ရန်ပုံငွေအားလုံးကို ၂၀၁၃ ခုနှစ်တွင်ကျင်းပမည့် သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းသွားမည်ဖြစ်သည်။ မြန်မာ့သဘင် အလှဆင်သူများနှင့် ပရဟိတရွှေလက်များအဖွဲ့တို့၏ ပထမဆုံးအကြိမ်ဆိုစည်းသော ဖျော်ဖြေပွဲဖြစ်ပြီး မန္တလေးမြို့ရှိ ဇာတ်၊ အငြိမ့်၊ ဘိသိက်၊ ဆိုင်းအဖွဲ့များ၏ ညီညွတ်မှုကိုပြသော ပွဲတော်လည်း ဖြစ်သည်။ ရန်ပုံငွေပွဲတော်ကြီးအား ဂီတမှူး စိန်ခူဝံ၏ နှစ်ဖက်တီး ဇည့်ခံတီးလုံးနှင့် ဦးစောလှိုင်ရေးသားထားသည့် တီးတဲ့ရွှေလက် ထက်မြက်သဘင်တေးသီချင်းဖြင့် စတင်ဖွင့်လှစ်သည်။ ထို့နောက် မြန်မာသံ သီချင်းများဖြင့် ဖျော်ဖြေရာ ဝင်းနောင်၊ လှိုင်မျိုးထက်၊ လှိုင်ဘွားအောင်၊ နန်းခင်မွှေး၊ ဒေလီမြင့်တို့က တေးသီချင်းများဖြင့် သီဆိုကြပြီး စတိတ်ရှိုးအစီအစဉ်ဖြင့် ဆက်လက်ဖျော်ဖြေကြသည်။

ထို့နောက် အငြိမ့်ခန်းအစီအစဉ်ကို ဆက်လက်တင်ဆက်ရာ ဇာတ်မင်းသားများဖြစ်သည့် လှိုင်မျိုးထက်၊ ဝင်းနောင်၊ လှိုင်ဘွားအောင်၊ မင်းမင်းဦး၊ မိုးယံတို့က လူရွှင်တော်များအဖြစ် ပါဝင်ကြပြီး ရွှေညီကိုအဖွဲ့မှ မင်းသား ရဲရင့်အောင်က မင်းသမီးအဖြစ် ကပြဖျော်ဖြေ အသုံးတော်ခံသည်။ နှစ်ပါးသွားအစီအစဉ်တွင် စည်သူပို၊ သူရပို၊ ရာဇာပို၊ အောင်ချမ်းဝင်း၊ အောင်စိုးမင်း၊ ရဲနိုင်၊ ဖိုးလုံး၊ အောင်ချမ်းမင်း၊ နှင်းသူ၊ ဘုန်းမြင့်ဇော်၊ နှင်းခိုင်၊ မျိုးမင်း၊ သုတ၊ မင်းပိုင်ဇေတို့က ပါဝင်ပြီး လူရွှင်တော်များအဖြစ် ဦးကျော်ကြား၊ ဦးချစ်စရာ၊ ဦးထင်ပေါ်၊ ဦးတက်တိုးတို့က ဟာသယရွှင်ဆေးတိုက်ကျွေးကြသည်။ (၀၀၂)

❀ **ကျောဖုံးမှ**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးကိစ္စရပ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆောင်ရွက်နေမှုကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"အရှယ်သုံးပါးရှာရမည့်တရား" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၉း၀၀	ညောင်ရမ်းမြို့မှ ထူးမြတ်လှသည့် သာသနာ့အမွေ
၁၁း၄၀	Minute to Win It
၆း၁၅	Management Development Institute of Singapore (MDIS) (Part-2)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၂၂)**
၇း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကောင်းကင်ရိပ်မြုံ" (အပိုင်း-၃၄)**
၁၀း၃၀	Style ရှိမှ Star ဖြစ်မယ်
၁၁း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေမင်းသားရဲ့ဒဏ္ဍာရီ" (အပိုင်း-၄)**
၄း၁၅	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချ သုံးစွဲကြ. . . (အင်းလေး)

ပြဟ္မပါလ ကုသိုလ်ဖြစ် ဆေးခန်းဖွင့်လှစ်

ကူမဲ ဩဂုတ် ၂၁

မြစ်သားမြို့နယ် ကူမဲမြို့ ပြဟ္မလူမှုကူညီရေးအသင်း၏ ပြဟ္မပါလ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက်နံနက် ၈ နာရီတွင် အဆိုပါဆေးခန်းတည်ရှိရာ ကူမဲမြို့ လမ်းမတော်ရပ်ရှိ ပြဟ္မလူမှုကူညီရေး ရုံးခန်း၌ကျင်းပရာ မြို့နယ်၊ တိုက်နယ် ဆရာဝန်ကြီးများ၊ အသင်းဥက္ကဋ္ဌ ဦးတင်ထွေး၊ ဆေးခန်းဥက္ကဋ္ဌ အသင်း အတွင်းရေးမှူး ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ဆေးခန်းဆရာဝန်များနှင့် ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် ပြဟ္မပါလကုသိုလ်ဖြစ် ဆေးခန်းကို မြစ်သားမြို့နယ် ဆရာဝန် ဒေါက်တာ ဝင်းနိုင်နှင့် ကူမဲတိုက်နယ်ဆရာဝန် ဒေါက်တာကျော်စိုးထွန်းတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

